နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၀)

သာသနာတော်တည်တံ့ရန် ဆရာဒကာအချင်းချင်း အမှီသဟဲပြုအားထုတ် ရဟန်းသံဃာတော်များဘက်က စစ်မှန်သောဓမ္မာနုဂ္ဂဟပြင့်ချီးမြှောက် ဒါယကာ ဒါယိကာမများဘက်က အာမိသာနုဂ္ဂဟပြင့်ချီးမြှောက်

ရန်ကုန် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆိုဖြေဆိုကြမည့် တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား ကာလကြာမြင့် မှတ်သားသင့်သော သာရဏီယသြဝါဒစကား မြွက်ကြားလိုပေသည်။ **စာမျက်နှာ ၃ ကော်လံ ၅**

အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်

တစ်နိုင်ငံလုံးမှာ ဖွံ့ဖြိုးတိုးတက်မှုကွန်ရက် တည်ဆောက်တဲ့အနေနဲ့ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပေးကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ပြီး အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ် ထွန်းကားလာအောင် တည်ဆောက်လျက်ရှိတယ်။ ဒ့ါအပြင် ဖွံ့ဖြိုးတိုးတက်မှုကွန်ရက်မှာ အကြားအလပ် မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် ချမှတ်ဆောင်ရွက်လျက်ရှိတယ်။ ဒ့ါကြောင့် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး အညွှန်းကိန်းတွေဟာ လျာထား မျှော်မှန်းတာထက် များစွာ တိုးတက်လျက်ရှိတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်းမှ–

သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲကျင်းပ

ပရိယတ္တိစာမေးပွဲ၌ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည်အမြင့်ဆုံးဖြစ်

နိုင်ငံတော်ကကြီးမှူးကျင်းပသည့်စာမေးပွဲများအပြင် မြို့ရွာဒေသအလိုက်လည်း ပရိယတ္တိစာမေးပွဲများကျင်းပလျက်ရှိ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် ဒီဇင်ဘာ ၂၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာန်အောင်ဝံပျံစာသင်တိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော တိပိဋကဓရ စာမေးပွဲရွေးချယ်ရေး သြဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်ကြီးများ၊ တိပိဋကဓရလောင်းလျာ သာသနာ့အာဇာနည် အရှင်မြတ် စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

နည်းပညာမြင့်မားသော စက်မှုလုပ်ငန်းများပေါ်ထွန်းလာရေး နိုင်ငံတော်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး တိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများမှနေ၍ ကျန်စက်မှုကဏ္ဍများပါ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်သွားကြရန်"** လမ်းညွှန်မှာကြားထားသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကအားထားရသော နိုင်ငံဖြစ်သည့်အားလျော်စွာ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် အချိုးအစားအားဖြင့် လယ်ယာကဏ္ဍက ၄၈ရာခိုင်နှုန်းကျော်ပါဝင်ပြီး စက်မှုကဏ္ဍအနေဖြင့် ၁၀ရာခိုင်နှုန်းနီးပါးခန့် ပါဝင်သည်။

ထို့ကြောင့် လယ်ယာစီးပွား အခြေခံအဆောက်အအုံများကို တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ ရေလှောင်တမံ ၁၅၅ခု၊ မြစ်ရေတင်လုပ်ငန်း ၂၆၅ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး တစ်နှစ်စုစုပေါင်း သီးနှံစိုက်ဧရိယာသည် ဧကသန်း ၄၀ကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ကာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

လယ်ယာကဏ္ဍ ပြောင်းလဲတိုးတက်လာမှုနှင့်အတူ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးလုပ်ငန်းကိုလည်း တစ်နှစ်ပြီးတစ်နှစ်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံတော်ပိုင်းနှင့်ပုဂ္ဂလိကပိုင်းကပါ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းစက်များ၊ ခြွေလှေ့စက်များနှင့် အခြားလယ်ယာသုံး စက်ကိရိယာများကို တိုးတက်ထုတ်လုပ်၍ တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သည်။

ယနေ့ ပုဂ္ဂလိကစက်မှုကဏ္ဍကိုကြည့်လျှင် ယခင်က စက်ရုံ၊ အလုပ်ရုံ ၃၉၆၀၀ကျော်သာ ရှိခဲ့ရာမှ စက်မှုဇုန် ၁၈ဇုန်၌ စက်ရုံ၊ အလုပ်ရုံပေါင်း ၆၈၀၀ကျော် နေရာချထားပေးပြီးဖြစ်သည့်အပြင် တစ်နိုင်ငံလုံး၌ စက်ရုံ၊ အလုပ်ရုံ စုစုပေါင်းတစ်သိန်းကျော်ထိ ဖွံ့ဖြိုးတိုးတက်လာသည်ကို အားရဖွယ် တွေ့မြင်နေရသည်။ ထို့အတူ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းအမျိုးအစားအလိုက် ဆန်းစစ်ချက်များအရ အရေအတွက်ပိုင်းမျှသာမက အရည်အချင်းပါ ဖွံ့ဖြိုးတိုးတက်လာသည်ကိုလည်း တွေ့ရသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၆ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

တွေ့ဆုံပွဲအခမ်းအနား၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင်-

"စက်မှုဇုန်များသည် နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီဖြစ်ရာ ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်း၌ လူလုပ်အားဖြင့် ထုတ်လုပ်သည့်အနေအထားမှ ခေတ်မီစက်စွမ်းအားဖြင့် ထုတ်လုပ်သည့်အဆင့်၊ ထိုမှတစ်ဆင့် အလိုအလျောက်စနစ်သုံး ကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်သည့်စက်များဖြင့် ထုတ်လုပ်သည့်အဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

စက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံကြီးများမှ ခေတ်မီစက်ကိရိယာများ သုံးစွဲထုတ်လုပ်မှုနှင့် ရော်ဘာနည်းပညာရပ်များကို လေ့လာအတုယူပြီး လက်တွေ့နယ်ပယ်တွင် အသုံးကျမည့် စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများကို ပေါင်းစပ်တီထွင် ထုတ်လုပ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖြစ်ပေါ်တိုးတက်ရေးအတွက် အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက် ဖြစ်ပေါ်လာစေရေးအတွက် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ အခြားသောသွင်းကုန် အစားထိုးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နည်းပညာမြင့်မားသော စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် ညီလာခံကျင်းပ ဒုတိယဝန်ကြီးဦးမြင့်သိန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် ညီလာခံ (၂၀၀၃)ကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း **(အပေါ်ပုံ)**နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိန်မြင့်တို့က အမှာစကား ပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီအရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်ခင်အေးဝင်းကလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြကာ ညီလာခံမှ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းနှင့်ပတ်သက်၍ ပြင်ဆင်ချက်ကို အဆိုပြုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်သည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အသင်းသား အင်ဂျင်နီယာ ၁၂ဦးတို့အား အာဆီယံ အင်ဂျင်နီယာ မှတ်ပုံတင်လက်မှတ်များကို အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က ပေးအပ်သည်။

ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် အာဆီယံအင်ဂျင်နီယာမှတ်ပုံတင် လက်မှတ်ရအသင်းသား အင်ဂျင်နီယာ ၆၅ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အနုပညာသင်တန်းသစ်များဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အနုပညာနတ်သမီး အနုပညာလုပ်ငန်းစုမှ တစ်ကြောင်းဆွဲကာတွန်း ရုပ်ပြနှင့် လုံးချင်း ကာတွန်းများ ရေးဆွဲနိုင်မည့် ကာတွန်းသင်တန်း၊လက်တွေ့အသုံးချဇာတ်ညွှန်း သင်တန်း၊ အက သင်တန်း၊ အဆိုပညာအဆင့်မြင့် သင်ကြားပေးမည့် အဆိုသင်တန်း၊ သရုပ်ဆောင်နှင့် ဗွီစီဒီရိုက် ပညာရပ်များ အတွက် Entertaining Art Courses သင်တန်း အပါအဝင်သင်တန်း ငါးမျိုးအတွက်တက်ရောက်လိုသူများအား လက်ခံလျက် ရှိသည်။

သင်တန်း အားလုံး သင်တန်းကာလ သုံးလဖြစ်သည်။ ထို့ပြင်ယခင်ဖွင့်လှစ်ခဲ့သော ပန်းချီ၊ ဂစ်တာတီးနှင့်ပေါင်းသင်း ဆက်ဆံမှုသင်တန်း များကိုလည်း တန်းခွဲသစ်များ ဖွင့်လှစ် ပေးမည်ဖြစ်သည်။ ပန်းချီနှင့်ဂီတ ပညာရပ်များအား အိမ်အရောက် သင်ကြားပို့ချ မည့် အစီအစဉ်များရှိသဖြင့် စိတ်ပါဝင်စားသူများ နတ်သမီး အနုပညာ လုပ်ငန်းစု အမှတ် ၂၉၁၊လမ်း၄၀(အထက်) ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၁၁၇၈ သို့ဆက်သွယ်သင်ကြားနိုင်ကြောင်းသိရသည်။

(က-ပ)



ပုရပိုက်စာပေ၊အမှတ်၂၈တောင်မြင်းပြိုင်ကွင်းလမ်း၊တာမွေမြို့နယ်၊ ဖုန်း- ၅၄၁၃၃၁က ဖြန့်ချိသည့် ဦးကောင်းထွန်း၏ နေမင်းကွယ်ချိန် လသာချိန် သို့မဟုတ် သာမညဖလသုတ်တော်နှင့် အဇာတသတ် စာအုပ်မျက်နှာဖုံး။ (က-ပ)

နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် စာစောင်ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၈

ပခုက္ကူ မဟာဝိသုတာ ရာမတိုက်ကြီးကို တည်ထောင်သော နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်စာစောင်ကြီးကို သာသနာရေး ဦးစီးဌာနမှ ဦးစီးပြီး ထုတ်ဝေလိုက်သည့် တိုက်တည်နည်းတွင် ရေစကြိုဆရာတော်ကြီးအရှင်ဂန္ဓသာရ၏ ဘဝပုံရိပ် အပြည့်အစုံနှင့် တကွ နှစ်တစ်ရာအတွင်းအဖြစ်အပျက်သမိုင်းအစုံအလင် မှတ်တမ်းတင်ထားသည့် စာမျက်နှာ ၃၅၀ပါဝင်ပြီး ရောင်စုံ ဓာတ်ပုံ ပေါင်း ၄၀ကျော်ဖြင့် ခံ့ညားစွာထုတ်ဝေထားသည်။ စာအုပ်ကို ဓမ္မဒါန ပြုလိုသူများ အနေဖြင့် တစ်အုပ်လျှင် ကျပ် ၁၅၀၀ ဖြင့်လှူဒါန်းဝယ်ယူဓမ္မဒါန ပြုလုပ်နိုင်ကြောင်း သိရသည်။ (က-ပ)

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား ယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ဧကောဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ကိုခိုင်ထွန်း ဖုန်း-၅၇၃၂၂၁၊ ကိုကျော်သူရဝင်း ဖုန်း ၀၉-၅၀-၁၃၂၈၇၊ မမျိုးပပဝင်း ဖုန်း-၅၈၄၀၃၂၊ မအေးစန္ဒာအောင် ဖုန်း-၆၆၆၅၃၆၊ ကိုငြိမ်းချမ်းဦး ဖုန်း-၅၅၈၁၆၈နှင့် ကိုရဲအောင်သန့် ဖုန်း-၅၀၅၇၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

■ (၅၆)ကြိမ်မြောက်မှ

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစန်းလွင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ပင့်ဆောင်

အခမ်းအနားမစတင်မီ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များအား အခမ်းအနားဖြင့် ဝိဇယမင်္ဂလာဓမ္မသဘင်သို့ ပင့်ဆောင်ကြရာတွင် သာသနာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းလှက အောင်သပြေစိုက် ပန်းဖလားကို ပိုက်လျက်၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ကွမ်းတောင်ကို ကိုင်ဆောင်၍ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေက ပန်းကလပ်ကို ကိုင်ဆောင်၍ လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးသိန်းဝင်းက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ လည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ထို့နောက်မှ ဦးစီးအရာရှိ ဦးအောင်ထွေးက တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများအား လည်းကောင်း၊ စာပေလက်ထောက်(၁) ဦးတင်ဝင်းက စာထောက်စာမ ဆရာတော်ကြီးများ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ စာထောက်စာမ ဆရာတော်ကြီးများအား လည်းကောင်း၊ စာပေလက်ထောက်(၁) ဦးသန်းအောင်ရွှေက စာပြန်သံဃာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဘိဓမ္မာ နောက်ပိုင်း အာဂုံပြန် တစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်း အာဂုံပြန် တစ်ပါး၊ ဒီဃနိကာယ် အာဂုံပြန် ခြောက်ပါး၊ ဝိနည်းနောက်ပိုင်း အာဂုံပြန် ၂၅ ပါးနှင့် ဝိနည်းရှေ့ပိုင်း အာဂုံပြန် ၆၆ ပါး စုစုပေါင်း စာပြန်သံဃာတော် ၉၉ ပါးတို့အား လည်းကောင်း ပင့်ဆောင်လာရာ စာပေလက်ထောက်(၁) ဦးစံတင်အောင်က ပန်းမိုးရွာလျက်နောက်မှ လိုက်ပါလာသည်။

ထို့နောက် အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပရာ နမော တဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာန်အောင် ဝဲပုံစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်ကို ပရိသတ်များက နာယူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီးဘဒ္ဒန္တသောဘိတ မိန့်ကြားတော်မူသည့် သာရဏီယ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဖတ်ကြားတော်မူသည်။

ပရိယတ္တိသာသနာတိုးပွား

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ဘုရားရှင်ဟောကြားတော်မူခဲ့သော ပရိယတ္တိ သာသနာတော်မြတ်ကြီးသည် ကျင့်ကြံနေထိုင်ပုံနည်း၊ ပွားများအားထုတ်ပုံနည်း၊ နှလုံးသွင်းဆင်ခြင်ရန်နည်းများကို စုစည်းထားသော နိကာယ်ငါးရပ် ပိဋကသုံးပုံပင် ဖြစ်ပါကြောင်း၊ ထိုတရားတော်များ ကွယ်ပျောက်ညှိုးမှိန်လျှင် မှန်ကန်သော ကျင့်ကြံမှု၊ ပွားများမှု၊ နှလုံးသွင်း ဆင်ခြင်မှုများ အားနည်းဆုတ်ယုတ်လာမည် ဖြစ်ပါကြောင်း၊ ထိုသို့ အားနည်းဆုတ်ယုတ်မှုမဖြစ်စေရန် ဘုရားရှင်၏ တပည့်သာဝက ရဟန္တာမထေရ်မြတ်ကြီးများမှ အစပြု၍ မထေရ်မြတ်ကြီး အဆက်ဆက်တို့ သင်ကြားပို့ချပေးခဲ့သည့် အစဉ်အလာတိုင်း ပရိယတ္တိ သာသနာတော်ကို တိုးပွားအောင် ဆောင်ရွက်နေကြရခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ စသည့် မြို့ကြီးများရှိ ပရိယတ္တိ စာသင်တိုက်ကြီးများ ဦးဆောင်ကာ ပရိယတ္တိစာပေ သင်ကြားပို့ချမှု အရှိန်အဟုန်သည် အလွန်တရာအားကောင်းလှပါကြောင်း၊ နိုင်ငံတော် အစိုးရက ကြီးမှူးကျင်းပသည့် ပရိယတ္တိစာမေးပွဲများအပြင် မြို့ရွာဒေသ အသင်းအဖွဲ့အလိုက် ကျင်းပပြုလုပ်သော ပရိယတ္တိ စာမေးပွဲများတွင်လည်း ပရိယတ္တိ စာသင်တိုက် ဆရာတော်ကြီးများ ဦးဆောင်ကာ ဒေသအသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်ကို တွေ့ရှိနိုင်ပါကြောင်း။

သာသနာ့အာဇာနည်ပေါ်ထွန်းနိုင်

ယနေ့ကျင်းပသည့် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးဆိုလျှင် ပရိယတ္တိ စာမေးပွဲလောက၌ အမြင့်ဆုံး စာမေးပွဲကြီး ဖြစ်ပါကြောင်း၊ ဘုရားဟော ပိဋကတ် ပါဠိတော်များကို အကြွင်းအကျန်မရှိ အလွတ်အာဂုံပြန်ဆိုခြင်း၊ ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို ကျမ်းဂန်မွှေနှောက်၍ ဖြေဆိုခြင်းပြုနိုင်မှသာ စာမေးပွဲအောင်မြင်မည်ဖြစ်၍ သာမန်ဝီရိယစွမ်းအား ဉာဏ်စွမ်းအားဖြင့် စွမ်းဆောင်နိုင်ကြမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့်ပင် ဤတိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး ကျင်းပလာခဲ့သည့် နှစ်ပေါင်း ၅၆ နှစ်ကာလအတွင်း ပိဋကတ် သုံးပုံလုံးကို အာဂုံ၊ ရေးဖြေ နှစ်မျိုးလုံးအောင်မြင်ပြီး တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆပ်ကပ်ခံရသည့် သာသနာ့အာဇာနည် အရှင်မြတ် ကိုးပါးမျှသာ ပေါ်ထွန်းနိုင်သေးသည်က သက်သေဖြစ်ပါကြောင်း။

ဤကဲ့သို့ ပိဋကတ် သုံးပုံအောင် သာသနာ့အာဇာနည်အရှင်မြတ်များအား ဖူးမြော်ခွင့်ရရှိခြင်း၊ ပထမပြန် ဓမ္မာစရိယကဲ့သို့သော ပရိယတ္တိစာမေးပွဲဝင် ရဟန်း သံဃာများအား နေရာအနှံ့ ဖူးတွေ့နိုင်ခြင်းတို့မှာ တပည့်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများအဖို့ အလွန်တရာ ထူးကဲလှသည့် အခွင့်ထူးကြီးကို ပိုင်ဆိုင်ကြသည်ဟု မှတ်ယူထိုက်လှပါကြောင်း၊ ထို့ပြင် သာသနာတော် သုံးရပ်တွင် အခြေခံကျသည့် ပရိယတ္တိ သာသနာတော်စည်ပင်နေခြင်းသည်ပင် နောင် အနာဂတ် ကာလများအထိ ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်အလံကို ထိပ်ဆုံး၌လွှင့်ထူထားနိုင်မည့်အဓိပ္ပာယ် ဖြစ်ပါသဖြင့် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါကြောင်း။

ယနေ့စတင်ကျင်းပမည့် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အာဂုံဖြေဆိုရန် စာရင်းပေးသွင်းထားသော သာသနာ့အာဇာနည် အရှင်မြတ် ၁၅၅ ပါးရှိ၍ သဘောရေးဖြေစာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသော သာသနာ့အာဇာနည် အရှင်မြတ် ၁၀၇ ပါး ရှိကြောင်းကို သိရှိရပါကြောင်း၊ အာဂုံ၊ ရေးဖြေ နှစ်မျိုးလုံးတွင် ပါဝင်ဆင်နွဲတော်မူကြမည့် သာသနာ့အာဇာနည် လောင်းလျာ အရှင်သူမြတ်တို့အနေဖြင့် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းစွာဖြင့် ပြန်ဆိုရေးဖြေနိုင်ကြ၍ လာမည့် (၅၆)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးတွင် ပါဝင်အပူဇော်ခံယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် လျှောက်ထားသည်။

အမြင့်ဆုံးစာမေးပွဲ

ဆက်လက်၍သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သဗ္ဗညုဘုရားရှင် ထားရှိတော်မူခဲ့သော သာသနာတော် သုံးရပ် တိုးတက်ပြန့်ပွားထွန်းကားရေးသည် ပရိယတ္တိ သာသနာပေါ်တွင် တည်မှီလျက်ရှိရာ ပရိယတ္တိ စာမေးပွဲမျိုးစုံကျင်းပ၍ ပရိယတ္တိ သာသနာ ထွန်းကားရေး ဆောင်ရွက်ကြခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနှံ့ ကျင်းပလျက်ရှိသော ပရိယတ္တိ စာမေးပွဲများအနက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသည် စာပေအရ လည်းကောင်း၊ စွမ်းဆောင်နိုင်မှုအရ လည်းကောင်း အမြင့်မားဆုံးစာမေးပွဲအဖြစ် သတ်မှတ်နိုင်ပါကြောင်း။

တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံပြန်စာမေးပွဲနှင့် သဘောရေးဖြေစာမေးပွဲဟု နှစ်မျိုးရှိရာ အာဂုံပြန်ဆိုအောင်မြင်ပါမှ သဘောရေးဖြေစာမေးပွဲကို ဆက်လက်ဖြေဆိုရပါကြောင်း၊ အာဂုံပြန်ဆိုရာတွင်လည်း ဝိနယပိဋကကို ဦးစွာပြန်ဆိုရပြီး ကျမ်းစာအရေအတွက် ငါးအုပ်ရှိသဖြင့် ရှေ့ပိုင်း၊ နောက်ပိုင်း နှစ်ပိုင်းခွဲခြားပြန်ဆိုရန် သတ်မှတ်ထားပါကြောင်း၊ အလားတူ အဘိဓမ္မာပိဋကတွင်လည်း ကျမ်းစာအုပ်အရေအတွက် ၁၂အုပ်ရှိသဖြင့် နှစ်ပိုင်းခွဲခြားပြန်ဆိုရန် သတ်မှတ်ထားပြီး သုတ္တန်ပိဋကမှာမူ ကျမ်းစာအရေအတွက် သုံးအုပ်သာရှိသဖြင့် နှစ်ပိုင်းမခွဲဘဲ တစ်ကြိမ်တည်း ပြန်ဆိုကြရပါကြောင်း။

တိပိဋကရေ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ် ကိုးပါးနှင့်တကွ ပိဋကတ် နှစ်ပုံအောင်၊ တစ်ပုံအောင် သာသနာ့အာဇာနည် အရှင်မြတ်များသည် သာသနာ့ကျက်သရေဆောင် ဆရာတော်များ ဖြစ်ကြပြီး သာသနာ့သမိုင်း မြန်မာ့သမိုင်း တွင်ရစ်မည့် အရှင်မြတ်များ ဖြစ်ကြပါကြောင်း။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဝမ်းမြောက်ဂုဏ်ယူ

ဤကဲ့သို့ သာသနာ့ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် သာသနာ့အာဇာနည် အရှင်မြတ်များ ပေါ်ထွန်းစေရန် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ကျင်းပပြုလုပ်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား စေတနာရှင် အလှူရှင် ဒါယကာ ဒါယိကာမများအနေဖြင့် အလွန်တရာ ရခဲလှသော သာသနာပြု ကုသိုလ်ထူးကြီးကို နှစ်စဉ်နှစ်စဉ် ဆည်းပူးပြုလုပ်ခွင့်ရရှိသည်ဟု ဝမ်းမြောက်မဆုံး ဂုဏ်ယူထိုက်လှပါကြောင်း။

နိဂုံးချုပ်အားဖြင့် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသို့ ပြန်ဆိုဖြေဆိုရန် စာရင်းပေးသွင်းတော်မူကြသော သာသနာ့အာဇာနည် လောင်းလျာ အရှင်မြတ်များသည် ဆိုင်ရာ ကျမ်းစာဘာသာရပ် အသီးသီးကို လွယ်ကူချောမွေ့စွာ ပြန်ဆိုရေးဖြေနိုင်ကြပြီး တိပိဋကရေ တိပိဋကကောဝိဒ ပုဂ္ဂိုလ်မြတ်များအပြင် ဒွိပိဋကရေ ဒွိပိဋကကောဝိဒ စသည့် ပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းကြကာ သာသနာ့ကျက်သရေကို တိုးတက်လက်ဝေအောင် စောင့်ရှောက်မြှင့်တင် နိုင်ကြပါစေဟု ဆုတောင်းပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် စာကြည့်တိုက် လက်ထောက်(၁) ဦးဝေလွင်က ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ် ထီးဖြူတော်များကို အဘိသေကမန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ သာသနာ့အာဇာနည်များအား ပင့်လျှောက်သည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(၅၆)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယနေ့မှစ၍ ၃၃ ရက်ကြာ ကျင်းပမည်ဖြစ်သည်။

တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ကြွရောက်တော်မူလာကြသော စာထောက်စာမ ဆရာတော်ကြီးများနှင့် စာပြန်သံဃာတော်များအား ယနေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၂)လမ်း အမှတ် ၃၇ နေ ဦးကြင်ကုတ်-ဒေါ်ဖွားကြည် သားသမီး၊ မြေးများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

❍ သာသနာတော်မှ

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ ချမ်းသာရကြောင်း အဆုံးအမကောင်း ဖြစ်သည့် သာသနာတော်မြတ်ကြီးကို ထားတော်မူခဲ့သော မြတ်စွာဘုရားသည် သာသနာတော်မြတ်ကြီး၏ ဆုတ်ယုတ်ကွယ်ပျောက်ကြောင်း တရားများနှင့် သန့်ရှင်းတည်တံ့ကြောင်း တရားများကို ထိုထိုနေရာ အခါကာလအားလျော်စွာ အများအပြား ဟောကြားတော်မူခဲ့ပါသည်။ အင်္ဂုတ္တိုရ်ပါဠိ ဧကနိပါတ၊ အဓမ္မဝဂ်တွင်–

"ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ အဓမ္မောတိ ဒီပေန္တိ" အစ ရှိသည်ဖြင့် ဟောတော်မူခဲ့ရာ အဓမ္မကို အဓမ္မဟု ပြသောရဟန်း၊ ဓမ္မကို ဓမ္မဟု ပြသောရဟန်း၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြသောရဟန်း၊ ဝိနည်းကို ဝိနည်းဟု ပြသောရဟန်း စသည်တို့သည် လူ၊ နတ်တို့၏ အကျိုးစီးပွား ချမ်းသာများရန် ကျင့်ကြံကုန်သည်ဖြစ်၍ ဤသာသနာတော်ကိုလည်း အကြာအရှည်တည်စေသည် မည်ကုန်၏"ဟု လာရှိပါသည်။

ယင်းသို့ လာရှိသော ဒေသနာတော်အရ အဓမ္မကို အဓမ္မ၊ ဓမ္မကို ဓမ္မ၊ အဝိနယကို အဝိနယ၊ ဝိနယကို ဝိနယဟု ဟုတ်မှန်စွာ ဟောပြောသင်ပြ ပို့ချနိုင်ရန်မှာ သုံးဖြာသော ပိဋကတ်ကို သင်ယူ ကျက်မှတ် တတ်သိနားလည်မှသာ ဖြစ်နိုင်ပါသည်။ ယခု အရှင်မြတ်တို့ ပြန်ဆိုဖြေကြားကြမည့် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋက ဟူသော သုံးဖြာပိဋကတ်ကျမ်းစာ အရပ်ရပ်တို့သည် အရှင်မြတ်တို့၏ မှန်ကန်သော ကျင့်ကြံနိုင်မှုနှင့် တပည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အားလည်း မှန်ကန်စွာ ဟောပြောပို့ချ သင်ပြနိုင်မှု၏ ပဓာနအကြောင်း ကောင်းမြတ်သည့် အခြေခံဖြစ်ပါသည်။

ထို့အပြင်တစ်ရပ် "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ" သာသနာတော် တည်တံ့ရန်မှာ ပရိယတ္တိသည်သာ ပဓာနဖြစ်ကြောင်း သမ္မောဟဝိနောဒနီအဋ္ဌကထာ စသည်တို့၌မိန့်ဆိုရာ အရှင်မြတ်တို့ သင်ယူကျက်မှတ်လေ့လာအပ်သော ပရိယတ္တိသည် လူ၊ နတ်တို့ အကျိုးစီးပွား ချမ်းသာများရန် ဖြစ်သည့်အပြင် သာသနာတော်အရှည်ခံ၍ တည်တံ့ခြင်း၏ ပဓာနအကြောင်း ဖြစ်သောကြောင့် "ငါတို့သည် လူ၊ နတ်တို့ အကျိုးစီးပွားများကြောင်း၊ သာသနာတော် တည်တံ့ကြောင်း ကောင်းမြတ်သောအမှုကို ပြုကြရပေပြီ"ဟု ဉာဏ်ဖြင့်ရှုကာ အခါခါအောက်မေ့သင့်လှပေသည်။

တိပိဋကစာပြန်ပွဲဝင် အရှင်မြတ်တို့ဘုရား။ အရှင်တို့ဘက်မှ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော အားကြီးငါးပါး ကိုယ်၌ထားလျက် ဘုရားဟောလတ် ပိဋကတ်ကို ကျက်မှတ်ပြန်ဆိုတော်မူကြသကဲ့သို့ နိုင်ငံတော်အစိုးရဘက်မှလည်း တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက် သုံးမျိုးတို့တွင် "ပရိယတ္တိ သာသနာတော်ကြီးကို အားပေးချီးမြှောက်ရာ၌ အထက်တန်းအကျဆုံး ချီးမြှောက်ရန်"ဟူသော ရည်ရွယ်ချက် ရှိသည့်အားလျော်စွာ အာမိသာနုဂ္ဂဟ အဝဝဖြင့် တိုးမြှင့်ကော်ရော် ပူဇော်လျက်ရှိသည်ကိုလည်း အရှင်တို့အသိပင် ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်တို့အနေနှင့် အရှင်တို့ ကျက်မှတ်ထားသည့် ပါဠိတော်များကို မနှေးမမြန်မှန်သောအသံ ပုံမှန်အနေအထားဖြင့် စာထောက်ဆရာတော်များ၊ စာမှတ်ဆရာများ ရှင်းလင်းစွာ ကြားသိနိုင်သည့် ပြန်ဆိုမှုမျိုးဖြစ်အောင် သတိဆောင်၍ ပြန်ဆိုကြရန်လည်း သတိပေးလိုပါသည်။

နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာမ အပေါင်း သူတော်ကောင်းတို့အနေဖြင့် "ငါတို့သည် သာသနာတော်ကြီးနှင့်ကြုံမှ ပြုလုပ်နိုင်သော သာသနာနုဂ္ဂဟ ကုသိုလ်ထူးကြီးကို လက်ရပိုင်ပိုင် ပြုနိုင်ကြပေပြီ"ဟု အခါခါနှလုံးသွင်းကာ ဝမ်းသာအားရ အပရစေတနာ စာဂါနုဿတိ ဖြစ်ရှိသင့်ကြပေသည်။

နိဂုံးအနေနှင့် ပြောကြားလိုသည်မှာ "သာဂါရာ အနဂါရာ စ၊ ဥဘော အညောည နိဿိတာ"ဟူသော ဒေသနာတော်အရ သာသနာတော်တည်တံ့အောင် အားထုတ်ကြရာမှာ ဆရာ ဒကာအချင်းချင်း အမှီသဟဲပြု၍ ကြိုးစားအားထုတ်ရမည်ဖြစ်ရာ ရဟန်းသံဃာတော်များဘက်မှ စစ်မှန်သော ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ကြပြီး ဒါယကာ ဒါယိကာမများဘက်မှ အာမိသာနုဂ္ဂဟဖြင့် ချီးမြှောက်နိုင်ကြကာ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုး ပွားတိုးကြပါစေဟု ပတ္ထနာပြု၍ ဘုန်းကြီး၏ သာရဏီယဩဝါဒကထာကို ဤတွင် နိဂုံးကမ္ပတ်ဖုံးအပ်ပါသတည်း။ ။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ပုဇွန်တောင်မြို့နယ်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ မိသားစုအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးအသင်း(ရုံးချုပ်)အထွေထွေ အတွင်းရေးမှူး ဦးအောင်မြင့် အမှာစကားပြောကြားစဉ်။ (၃၅၂)

အမေရိကန်တပ်များအား ဘဂ္ဂဒက်မြောက်ပိုင်း၌ အပြင်းထန်ဆုံးခုခံနေ ပြောက်ကျားများတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇

ခုခံရေးသမား ပြောက်ကျားများက အဆက်မပြတ်တိုက်ခိုက်ခဲ့ကြသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်း ငါးဦး ဘဂ္ဂဒက်မြောက်ပိုင်းတွင် အသက်ဆုံးရှုံးသွားသည်။ သုံးဦးမှာ ဒီဇင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်မြောက်ပိုင်း၌ သေဆုံးသွားခြင်းဖြစ်ပြီး ကျန်နှစ်ဦးမှာ ဒီဇင်ဘာ ၂၅ ရက်က စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်။

ဒူလူရာအရပ်တွင် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦးမှာ ဒဏ်ရာရရှိသွားသည်ဟု အမှတ်(၄)ကြည်းတပ်မမှ တပ်ကြပ်ကြီး ရောဘတ်ကာဂျီက ပြောကြားသည်။ ဒူလူရာဒေသမှာ ဘဂ္ဂဒက်မြောက်ဘက် ၄၇ မိုင်အကွာတွင် တည်ရှိသည်။

သေဆုံး

ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် မိုင် ၃၀ အကွာတွင် တည်ရှိသော ဘာကူဘာမြို့အနီးတွင် ထောင်ထားသော လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲသွားသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။ ထိုမြို့၌ပင် သောကြာနေ့က အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလည်း အသက်ဆုံးရှုံးသွားရသေးသည်။ သို့သော် ၎င်းသေဆုံးမှုအကြောင်းအရင်းကိုမူ မသိရပေ။

တိုက်ခိုက်ခံရ

ဒီဇင်ဘာ ၂၅ ရက် ညပိုင်းက ဘာကူဘာဒေသ၌ပင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသေးကြောင်း အမှတ်(၄)ကြည်းတပ်မမှ ပြောရေး ဆိုခွင့်ရှိသူက ပြောကြားကြောင်း သိရသည်။ ဘာကူဘာရှိ ရှေ့တန်းစခန်းကို စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အပြင်းထန်ဆုံးဒေသ

ဆွန်နီတြိဂံဒေသသည် ဘဂ္ဂဒက်မြောက်ဘက်၌တည်ရှိပြီး အမေရိကန်ဦးဆောင်သော တပ်များအပေါ် ဆန့်ကျင်ခုခံမှုအပြင်းထန်ဆုံး ဒေသဖြစ်သည်ဟု ဆိုသည်။ မတ်လအတွင်း အီရတ်စစ်ပွဲစတင်ချိန်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၄၇၄ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။ ယင်းအနက် ၃၂၆ ဦးမှာ တိုက်ခိုက်မှုများအတွင်း သေဆုံးကြရသူများ ဖြစ်သည်။ **(အင်တာနက်)**

ဒီဇင်ဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဒီဇင်ဘာ ၂၇ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ကားတစ်စီးကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်အဖမ်းခံရပြီးနောက်ပိုင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၂ ဦးရှိသွားပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇

ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရမိခဲ့ပြီးချိန်မှစပြီး တိုက်ခိုက်ခံရသဖြင့် စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၂ ဦးထိ သေဆုံးခဲ့ပြီးနောက် အီရတ်နိုင်ငံမြောက်ပိုင်းအခြေအနေသည် ပိုပြီးမတည်မငြိမ် ဖြစ်လာခဲ့သည်။

ဆက်ဒမ်ဟူစိန်ကို ဒီဇင်ဘာ ၁၃ ရက်၌ ဖမ်းဆီးမိပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ကျလာမည်ဆိုသော မျှော်လင့်ချက်တစ်စုံတစ်ရာသည် ဘဂ္ဂဒက်၌ ရဲဝံ့သော ပြောက်ကျားတိုက်ခိုက်မှုများနှင့် အီရတ်မြောက်ပိုင်း၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ခရစ္စမတ် သီတင်းပတ်တွင် လွင့်စဉ်ပပျောက်ကုန်သည်။ အမှတ် (၁၀၁) လေကြောင်းချီတပ် ထိန်းချုပ်ထားသော မိုဆူးလ်မြို့တွင် တိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာတွင် အီရတ်လေးဦး သေဆုံးခဲ့သည်။

တိုက်ခိုက်

အမှတ်(၁၀၁)လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်များသည် အမေရိကန်တပ်များကို ပြောက်ကျားတို့တိုက်ခိုက်ရာ၌ အသုံးပြုသော ဖောက်ခွဲရေးပစ္စည်း (ဗုံး) ကို စစ်ဆေးနေခိုက် ပြောက်ကျားတို့က တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

ဗုံးပေါက်ကွဲ

ထို့ပြင် ဘဂ္ဂဒက်မြောက်ဘက် မိုင် ၄၀ ခန့်ရှိ ဘာကူဘာမြို့အနီးတွင် အမေရိကန်စစ်ယာဉ်တန်း လမ်းဘေး၌ ထောင်ထားသော ဗုံးပေါက်ကွဲထိမှန်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်။

(အင်တာနက်)

အမေရိကန်ဦးဆောင်သောအီရတ်စစ်ပွဲနှင့် နိုင်ငံတည်ဆောက်ရေးကိစ္စ ကမ္ဘာ့အင်အားကြီးနိုင်ငံများအတွင်း သဘောထားကွာဟမှု ပိုမိုကျယ်ပြန့်လာ

ဝါရှင်တန် ဒီဇင်ဘာ ၂၇

အီရတ်တွင် အမေရိကန်ဦးဆောင်သောစစ်ပွဲနှင့် စစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးကိစ္စတို့သည် ပဋိပက္ခမှုများနှင့် ညှိနှိုင်းဆွေးနွေးမှုနှစ်မျိုးစလုံးကို ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ကွာဟမှုများ ကျယ်ပြန့်ခဲ့သည်။

ကျူးကျော်ရန်စလိုသော အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က အဖျက်စွမ်းအားကြီးသော လက်နက်များရှိသည်ဟု စွပ်စွဲထားသော အီရတ်နိုင်ငံ၏ အိမ်နီးချင်းဒေသများတွင် တပ်အင်အားမြောက်မြားစွာကို ချထားခဲ့ကြသည်။

သို့ပင်ဖြစ်သော်ငြားလည်း ကုလသမဂ္ဂအတွင်း၌ ထိုနှစ်နိုင်ငံသည် ၎င်းတို့စွပ်စွဲထားသော အီရတ်၌ရှိသည်ဆိုသည့် ပိတ်ပင်တားမြစ်ထားသည့် လက်နက်များကို အီရတ်မှဖယ်ရှားပစ်ရန်အတွက် အင်အားသုံးခွင့်ပေးသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမိန့်အာဏာကိုရအောင် ကြိုးပမ်းရယူခဲ့သည်။

ထိုသို့ဆိုသော်လည်း ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ တရုတ်နှင့် လုံခြုံရေးကောင်စီဝင်အများစုသည် အီရတ်၌ ကုလသမဂ္ဂ လက်နက်စစ်ဆေးမှုအပေါ် တစ်စုံတစ်ရာတိုးတက်မှုမရခင်တွင် ယင်းဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

သတိပေးချက်နှင့် အတိုက်အခံပြုချက်အတောအတွင်း အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် မတ်လ ၂၀ ရက်၌ အီရတ်စစ်ပွဲကို စတင်ခဲ့ကြသည်။ ယင်းသို့ တစ်ဖက်သတ်ဆောင်ရွက်မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်တို့သည် နေတိုးအဖွဲ့အတွင်း သဘောထားကွာဟမှု ပိုမိုကျယ်ပြန့်ခဲ့ရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်ရှိ ကာဒစ္စတန် ရုပ်မြင်သံကြားဌာန ဒုံးကျည်ထိမှန်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကာဒစ္စတန် ရုပ်မြင်သံကြားဌာနသည် ကြာသပတေးနေ့ နံနက်က ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းခံရသည်။

ကြာသပတေးနေ့ နံနက် ၆ နာရီတွင် ဘဂ္ဂဒက်မြို့အနောက်ပိုင်း မာဆာခရိုင်ရှိ အဆိုပါ ရုပ်မြင်သံကြားဌာနအား ဒုံးကျည်ထိမှန်ခဲ့သော်လည်း အမှုထမ်းများ သေကျေထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ရုပ်မြင်သံကြားဌာနမှ သတင်းထောက် ဘီယာဝမ်တော်ဖစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပေါက်ကွဲမှု အရှိန်အားကြောင့် ရုပ်မြင်သံကြားဌာန၏ ပြတင်းပေါက်များနှင့် တံခါးများ ကျိုးပဲ့ပျက်စီးသွားကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန် ငလျင်ဒဏ်ခံရသော ဒုက္ခသည်များကို ကုလ၊ရုရှားနှင့်ဂျာမနီတို့က ကူညီကြမည်

ဂျီနီဗာ ဒီဇင်ဘာ ၂၇

အီရန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် လှုပ်သွားခဲ့သော ငလျင်ဒဏ်ကိုခံရသူများအား ကုလသမဂ္ဂနှင့် နိုင်ငံအချို့က အကူအညီပေးမည်ဖြစ်ကြောင်း သောကြာနေ့က ကမ်းလှမ်းထားရာ ရုရှားနှင့် ဂျာမနီနိုင်ငံတို့လည်း ပါဝင်သည်။

ငလျင်လှုပ်ပြီးနောက် လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အီရန်နိုင်ငံကိုကူညီရန် အမေရိကန်ဒေါ်လာ ၉၀၀၀၀ အရေးပေါ်ထုတ်ပေးထားကြောင်းနှင့် အပျက်အစီးကိုအကဲဖြတ်ရန် ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ စေလွှတ်ထားကြောင်း ကုလသမဂ္ဂအရာရှိများက ပြောဆိုကြသည်။

အရေးတကြီးလိုအပ်သောပစ္စည်းများမှာ ဆေးဝါးများ၊ရွက်ဖျင်တဲများ၊ရွှေ့ပြောင်းဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ရေသန့်ကိရိယာများနှင့် စောင်များဖြစ်ကြောင်း လူသားချင်းစာနာမှု၏ အရေးကိစ္စဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရုံးအဖွဲ့(အိုစီအိပ်ချ်အေ)က ပြောကြားသည်။

ထို့အတူ ရုရှား အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနကလည်း ဆရာဝန်များ၊ ဆေးဘက်အကူများ၊ အပျက်အစီးများအောက် မြုပ်နေသူများအား ရှာဖွေရန်အတွက် အနံ့ခံခွေးများ အကူအညီပေးမည်ဟု ကမ်းလှမ်းထားသည်။

ထို့ပြင် ဂျာမနီနိုင်ငံကလည်း အပျက်အစီးများအောက်၌ပိနေသော အသက်ရှင်နေသူများကို ကယ်ဆယ်ရန်နှင့် အပျက်အစီးများကို ပြန်လည်ပြုပြင်ရန် အကူအညီပေးမည်ဟု ကမ်းလှမ်းထားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကာဘာလာမြို့၌ တိုက်ခိုက်မှုမျိုးစုံဖြစ်ပွား ပူးပေါင်းတပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့ဟု ပိုလန်အရာရှိပြောဆို

ကာဘာလာ ဒီဇင်ဘာ ၂၇

အီရတ်နိုင်ငံ ကာဘာလာမြို့ ဝန်းကျင်တွင် ကားဗုံးပေါက်ကွဲမှုနှစ်ခုအပါအဝင် တိုက်ခိုက်မှုမျိုးစုံကြောင့် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့ဝင် ၂၀ ထိခိုက်သေဆုံးခဲ့သည်ဟု ပိုလန်ဦးဆောင်သည့် နိုင်ငံစုံတပ်မမှ အရာရှိတစ်ဦးကပြောကြားသည်။

ထိခိုက်သေဆုံးသော ပူးပေါင်းတပ်ဖွဲ့ဝင် ၂၀ နီးပါးရှိကြောင်း၊ မည်သည့်နိုင်ငံသားများဖြစ်သည်ကို မိမိတို့မသိကြောင်း ထိုအရာရှိကပြောကြားသည်။

တစ်ပြိုင်တည်းဖြစ်ပွား

ည ၁ နာရီဝန်းကျင်၌ တစ်ပြိုင်တည်းဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် ပူးပေါင်းတပ်များ၏ စခန်းနှစ်ခု၊ မြို့တော်ခန်းမ၊ တက္ကသိုလ်နှင့် ကာဘာလာရှိ ရဲစခန်းတစ်ခုတို့ဖြစ်ကြသည်။

ပြောကြား

ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ခု၊ စိန်ပြောင်းများ၊ စက်သေနတ်နှင့် တိုက်ခိုက်မှုများရှိကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ ကာဘာလာဆေးရုံညွှန်ကြားရေးမှူး ဒေါက်တာ ဆက်ဒ်နာဆာရာဝီက အီရတ်နှစ်ဦးနှင့် အမေရိကန်ပူးပေါင်းတပ်ဖွဲ့ဝင် တစ်ဦးတို့ ပေါက်ကွဲမှုနှစ်ကြိမ်တွင် သေဆုံးကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

ဒီဇင်ဘာ ၂၇ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားရာ အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင်လေးဦး၊ အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ရသဖြင့် ယင်းနေရာတစ်ဝိုက်၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဈေးဟောင်းအမွေအနှစ်များ ယဉ်ကျေးမှုဌာနသို့ ပေးအပ်

ဆောဂျင်း ဒီဇင်ဘာ ၂၆

တရုတ်အကောက်ခွန်ဌာနမှ တာဝန်ရှိသူများက ဈေးဟောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ရှိသူများထံသို့ မှောင်ခိုရောင်းဝယ်ခဲ့သော ဈေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းပေါင်း ၉၀၀၀ခန့်ကို တင်ဂျင်ဆိပ်ကမ်းမြို့တွင် ယမန်နေ့က ပေးအပ်သည့်အခမ်းအနား ကျင်းပခဲ့သည်။ အဆိုပါပစ္စည်း ၉၀၀၀တွင် ၃၀၀ကျော်သည် တန်ဖိုးမဖြတ်နိုင်သော ပစ္စည်းများဖြစ်သည်။

အချို့သည် လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာက ပစ္စည်းများဖြစ်ကာ ချန်၊ ဆွန်နှင့် ချင်မင်းဆက်က ဈေးဟောင်းပစ္စည်းများ ဖြစ်ကြသည်။ တင်ဂျင်းအကောက်ခွန်ဌာန တာဝန်ရှိသူများက အဆိုပါ ဈေးဟောင်းပစ္စည်းများကို ရှစ်နှစ်ကြာ ရှာဖွေဖမ်းဆီးရခဲ့ခြင်း ဖြစ်သည်။

နိုင်ငံအမွေအနှစ်ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် သတိပြုမှုတိုးတက်လာစေရန် ပြည်သူလူထုကို အသိပညာပေးမှု ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

ဘဂ္ဂဒက်လမ်းမကြီးပေါ်ဗုံးခွဲမှု ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

ဘဂ္ဂဒက်မြို့တော်၏ လူစည်ကားသည့် လမ်းမကြီးတွင် ကြာသပတေးနေ့ကလမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အရာရှိတစ်ဦးနှင့် အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဝင်များကပြောဆိုသည်။ အရပ်သားအချို့လည်း ဒဏ်ရာရသွားသည်ဟု သိရသည်။

အဖွဲ့သားများဖြစ်

ဗုဒ္ဓဟူးနေ့၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မှ အီရတ်လေးငါးခြောက်ဦးကို မသင်္ကာဟုဆိုကာ ဖမ်းဆီးခဲ့သည်။ အချို့မှာ ဆက်ဒမ်ဟူစိန်၏ အဖွဲ့သားများဖြစ်သည်ဟု အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စွပ်စွဲ

ဖမ်းဆီးသူအချို့မှာ ဆက်ဒမ်ဟူစိန်၏ အဖွဲ့သားများဖြစ်ကြောင်း၊ အဖမ်းခံရသူတစ်ဦးမှာ အမေရိကန်ဦးဆောင်သည့် တပ်များအားတိုက်ခိုက်နေသည့် ခုခံရေးပြောက်ကျားများနှင့်ဆက်ဒမ်ဟူစိန်တို့အကြားတပ်ဖွဲ့ဝင်လုပ်နေသူဖြစ်ကြောင်း အမေရိကန်တို့က စွပ်စွဲပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်ခန့်ထားသောဒေသ ကောင်စီဝင်တစ်ဦး အီရတ်နိုင်ငံမြောက်ပိုင်းမိုဆူးလ်မြို့၌ အသတ်ခံရ

မိုဆူးလ် (အီရတ်) ဒီဇင်ဘာ ၂၇

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်ခန့်ထားသော ဒေသကောင်စီဝင်ဖြစ်သူ လူမျိုးစုအကြီးအကဲတစ်ဦးအား သေနတ်သမားများက သောကြာနေ့၌ ပစ်သတ်သွားကြသည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

အီရတ်မြောက်ပိုင်းမိုဆူးလ်တွင် အမေရိကန်ဦးဆောင်အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်နေသော အီရတ်လူမျိုးများအား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့နောက် သောကြာနေ့က တိုက်ခိုက်မှုတွင် လူမျိုးစုအကြီးအကဲ ရှိစ်တာလာအယ်လ်ခါလီဒီ၏ သားဖြစ်သူလည်း အသတ် ခံခဲ့ရသည်။ အမှုအခင်းကို စုံစမ်းရန်ရောက်လာသောအီရတ်ရဲများကို လက်ပစ်ဗုံး ဖြင့်ပစ်ခတ်သဖြင့် အီရတ်ရဲတစ်ဦး ဒဏ်ရာရခဲ့သည်ဟု ရဲအဖွဲ့ကပြောကြားသည်။ အီရတ်နိုင်ငံအားသိမ်းပိုက်ထားသည့် အာဏာပိုင်အဖွဲ့ကို တိုက်ခိုက်ရာတွင် ပစ်မှတ်ထားခြင်းခံရသော အီရတ်များမှာ တရားသူကြီးများ၊ ရေနံကုမ္ပဏီအမှုဆောင်များနှင့် ရဲများလည်းပါဝင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်၌လုံခြုံရေးကြောင့် ခရစ္စမတ်ပါတီပွဲ နေအိမ်၌သာကျင်းပရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇

ဘုရားကျောင်းများသည် ဝတ်ပြုပွဲကို ဗုဒ္ဓဟူးနေ့သို့ပြောင်းရွှေ့ပြီး ကျင်းပခဲ့ကြသည်။ ဘဂ္ဂဒက်မြို့တော်၌ လုံခြုံရေးအခြေအနေကြောင့် ကျင်းပနေကျအတိုင်း ခရစ္စမတ်ပါတီပွဲများ မပြုလုပ်ကြဘဲ ကိုယ့်နေအိမ်များ၌သာ ပွဲတော်ကိုဆင်နွှဲကြသည်။ သို့ရာတွင် အာဘီလ်အနီးရှိ အင်ဆာဝါကျေးရွာ၌မူ ခရစ္စမတ်ပွဲတော်ကိုညလုံးပေါက် ကျင်းပခဲ့ကြကြောင်းသိရသည်။

အီရတ်နိုင်ငံမြောက်ပိုင်း၌နေကြသည့် ခရစ်ယာန်များအတွက် လုံခြုံရေးမှာ ပြဿနာမဟုတ်ဟု ဆိုသည်။ အခြေအနေမှာ အေးချမ်းနေသည်။ ယခုကဲ့သို့ အေးချမ်းသော အခြေအနေမျိုး တစ်နိုင်ငံလုံးမှာတည်ရှိပျံ့နှံ့နေစေကြောင်း မျှော်လင့်သည်ဟု ဘူလပ်စ်ရှီမွန်ဆိုသူကပြောကြားသည်။ ၎င်းသည် ထိုအရပ်၏ ယဉ်ကျေးမှုအသင်းအဖွဲ့ခေါင်းဆောင်ဖြစ်သည်။

ကာ့ဒ်မြို့ကြီးကိုးမြို့ရှိ ခရစ်ယာန်ဘုရားကျောင်း ၁၂ကျောင်းနှင့် ကျေးရွာများတွင် ညသန်းခေါင်အချိန်ဘုရားဝတ်ပြုပွဲကို ကျင်းပနိုင်ခဲ့ကြသည်။

ထိုအချိန်နှင့်တစ်ပြိုင်တည်း လိုလိုမှာပင် အမေရိကန်စစ်ဘက်ဆိုင်ရာများသည် အိုင်ယွန်ဂရစ်(သံလက်သီးဆုပ်) စစ်ဆင်ရေးကို တတိယညအဖြစ် ဆက်လက်ဆင်နွှဲလျက်ရှိကြသည်။ ၎င်းစစ်ဆင်ရေးတွင် အမေရိကန် အမှတ်(၁)သံချပ်ကာတပ်မသည် ဆက်ဒမ်အပေါ်သစ္စာခံသူများအဖြစ် မသင်္ကာသူများရှိသည်ဟုသံသယရှိသောနေရာကို အမြောက်ကြီးများဖြင့် ပစ်ခတ်သည့်အပြင် လေကြောင်းကလည်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ မြောက်ပိုင်းကယ်ကွတ်ဒေသတွင်ခရစ္စမတ်အကြိုညက ဖြစ်ပွားသော အဖြစ်အပျက်တစ်ခု၌ ဆက်သွယ်ရေးတာဝါတိုင်ကို ပြင်ဆင်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးဓာတ်လိုက်၍ သေဆုံးသွားကြောင်း စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်အင်ဂျင်နီယာတပ်ဖွဲ့ဝင်သုံးဦး ခရစ္စမတ်အကြိုနေ့က ဗုံးထိမှန်သေဆုံး

လီယိုနဒ်ဝုဒ်တပ်စခန်း ဒီဇင်ဘာ ၂၇

မစ်ဇူရီပြည်နယ် အလယ်ပိုင်း၌ စခန်းချထားသောကြည်းတပ်မှ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ် ခရစ္စမတ်အကြိုနေ့က သေဆုံးသွားသည်။

သေဆုံးသွားသူများမှာ စစ်ဘက်အင်ဂျင်နီယာများဖြစ်သော အသက် ၄၃နှစ်ရှိ ဝတ်စ်ကွန်ဆင်နယ်၊ မစ်တီဗီလီမှ ဗိုလ်မှူးခရစ္စတိုဖာ စပလင်တာ၊ အသက် ၂၆နှစ်ရှိ တောင်ဒါကိုတာနယ်မှ ဗိုလ်ကြီး ခရစ်ဆိုလ်ဇာနှင့် အသက် ၂၇နှစ်ရှိ အာရီဇိုနားနယ်၊ တက်ကဆွန်မှ တပ်ကြပ်ကြီး ဘင်ဂျာမင်ဘစ္စကီးတို့ဖြစ်ကြောင်း ဗိုလ်မှူးကြီး ပေါလ်ကီလီက ပြောကြားသည်။ ၎င်းမှာ အမှတ်(၁) အင်ဂျင်နီယာတပ်ရင်းကြီးမှ ဦးစီးမှူးဖြစ်သည်။

သေဆုံးသွားသူများမှာ အမှတ်(၅)အင်ဂျင်နီယာတပ်ရင်းမှဖြစ်သည်။ ထိုအင်ဂျင်နီယာတပ်မှာ ဘဂ္ဂဒက်၏မြောက်ဘက်တွင် တပ်ဖြန့်ထားသည်။

သေဆုံးသွားသော စစ်သည်များမှာ ဘဂ္ဂဒက်နှင့် တီကရစ်မြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီး အမှတ်(၁)ပေါ်တွင် ခရီးသွားနေစဉ် လမ်းပေါ်၌ ထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးကြရခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့မှာ ဟမ်းဗီးစစ်ကားဖြင့် ခရီးနှင်နေခြင်း ဟုတ်မဟုတ် မသိရသေးကြောင်း ကီလီက ပြောကြားသည်။ **(အင်တာနက်)**

ရှာဖွေစစ်ဆေး

ဒီဇင်ဘာ ၂၇ ရက်က အီရတ်နိုင်ငံတီကရစ်မြို့ လမ်းတစ်လမ်းတွင် လက်နက်နှင့် ဗုံးများကို ရှာဖွေ စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ အီရန်၊ တူရကီနှင့် ဂျာမနီသံရုံးများ ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆

ဘဂ္ဂဒက်မြို့ရှိ အီရန်သံရုံးနှင့် တူရကီသံရုံးများအား ဒုံးကျည်ထိမှန်ခဲ့ပြီး ဂျာမနီသံရုံးမှာပစ်မှတ်နှင့် အနည်းငယ်လွဲချော်သွားကာ အခြားအဆောက်အအုံတစ်လုံးကို ထိမှန်သွားခဲ့သည်။

အီရန်သံရုံးအား ဒုံးကျည်နှစ်စင်းထိမှန်ခဲ့ပြီး သံရုံးပတ်လည်ရှိ အုတ်တံတိုင်းပျက်စီးသွားခဲ့သည်။ တူရကီသံရုံးကို ဒုံးကျည်တစ်စင်းထိမှန်ခဲ့ပြီး သံရုံးအဆောက်အအုံ၏ ရှေ့ဘက်နံရံတွင် အပေါက်ကြီးတစ်ခု ဖြစ်သွားခဲ့သည်။ ဂျာမနီသံရုံးကို ပစ်ခတ်ခဲ့ဖွယ်ရှိသော ဒုံးကျည်သည် သံရုံးနှင့်တစ်မီတာအကွာ၌ရှိသော အိမ်တစ်လုံးကိုထိမှန်သွားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင် တပ်ဖွဲ့ဝင်များ ခရစ္စမတ်နေ့တွင် အပြင်းထန်ဆုံး တိုက်ခိုက်ခြင်းခံခဲ့ရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အီရတ်လက်နက်ကိုင်များ၏ အပြင်းအထန်ပစ်ခတ်တိုက်ခိုက်ခြင်းများကို အမေရိကန်တပ်ဖွဲ့ဝင်များ ခရစ္စမတ်နေ့နံနက်ပိုင်းတွင် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ပြင်းထန်သောပေါက်ကွဲမှုကြီးနှစ်ကြိမ် နံနက်စောစောပိုင်းတွင်ဖြစ်ပွားခဲ့ရာ တစ်ကြိမ်နှင့် တစ်ကြိမ်တစ်နာရီခြားပြီး ဖြစ်ပွားခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့အတွင်း အဓိကပစ်မှတ်ရှစ်နေရာကိုဒုံးပစ်လောင်ချာဒုံးကျည်ရှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ယင်းနောက် သေနတ်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားပြီး စိန်ပြောင်း၊ ဒုံးကျည်၊ အမြောက်ဆန်နှင့် အခြားဖောက်ခွဲရေးပစ္စည်းများ ပေါက်ကွဲသံများကိုကြားရကြောင်း သိရသည်။

ထိမှန်

အနောက်နိုင်ငံသားအများစု တည်းခိုရာ ရာရှီတန်ဟိုတယ်ကို ဒုံးကျည်နှစ်စင်းထိမှန်ခဲ့သည့်နည်းတူ အနီးရှိအဆောက်အအုံကြီးတစ်ခုကိုလည်း ထိမှန်သွားရာ ပျက်စီးမှုများ ရှိခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် သက်ကြီး ရွယ်အိုအမျိုးသားတစ်ဦးတို့ ဒဏ်ရာရရှိသွားကြောင်းသိရသည်။ အီရတ် လက်နက်ကိုင်များ၏ အခြားပစ်မှတ်များထဲ၌ ရဲစခန်းတစ်ခု၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များဌာနချုပ်ရှိရာ လုံခြုံမှုအရှိဆုံး အစိမ်းရောင်နယ်မြေတို့ပါဝင်ကြောင်း သိရသည်။

လုံခြုံရေးတင်းကျပ်

အီရတ် လက်နက်ကိုင်များသည် ယခုလ ၂၄၊၂၅၊၂၆ ရက်များတွင် အမေရိကန်နှင့်အပေါင်းအပါများကို ပိုမိုတိုက်ခိုက်လာနိုင်ဖွယ်ရှိကြောင်း အမေရိကန်တို့က တွက်ချက်ထားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကာ အီရတ်လက်နက်ကိုင်များရှိနိုင်မည့် နေရာများကို ထိုးစစ်ဆင်တိုက်ခိုက်ပြီး လုံခြုံရေးတင်းကျပ်ထားခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဒီဇင်ဘာ ၂၇ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရသည့်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လောင်စာသိုလှောင်ကန်ကိုပစ်ခတ်တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

ဘဂ္ဂဒက်မြို့တောင်ဘက်ရှိလာတီဖီယာအနီးမှ လောင်စာသိုလှောင်ကန်ကိုတိုက်ခိုက်ရေးသမားများက လက်လုပ်ဗုံးများဖြင့် ဒီဇင်ဘာ ၂၇ ရက်က ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လောင်စာသိုလှောင်ကန်မီးလောင်ပြီး အမေရိကန် တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် စိန်ပြောင်းဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ ယာဉ်တိုက်မှုဖြစ်ပြီး သေဆုံးခဲ့သဖြင့် ယခုသီတင်းပတ်အတွင်း အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁ဦးထိရှိသွားသည်။

တိုက်ခိုက်

အဆိုပါတိုက်ခိုက်မှုများသည် ဆက်ဒမ်ဟူစိန် အဖမ်းခံရသော်ငြားလည်း တိုက်ခိုက်ရေးသမားများကဆက်လက်အာခံလျက်ရှိကြောင်းကို သတိပေးသည့်အနေဖြင့် တိုက်ခိုက်ခြင်းများဖြစ်သည်။

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့၌ အမေရိကန် စစ်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ရေးသမားများက ကားတစ်စီးအတွင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး ထိုတိုက်ခိုက်ရေးသမားလေးဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များလက်ချက်ဖြင့် သေဆုံးသွားခဲ့ကြသည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါအဖွဲ့ ဌာနချုပ်ရုံး ဒုံးကျည်ဖြင့်ပစ်ခတ်ခံရမှု ခုခံရေးသမားများ၏ ထိုးစစ်အစီအစဉ်၏ အစိတ်အပိုင်းဖြစ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သောပူးပေါင်းအဖွဲ့၏ဌာနချုပ်ရုံးကို ခရစ္စမတ်ညက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် လူငါးဦးအား မသင်္ကာဟုဆိုကာ အမေရိကန်စစ်တပ်က သောကြာနေ့က ဖမ်းဆီးခဲ့သည်။

တိုက်ဂရစ်မြစ်အနောက်ဘက်ကမ်းမှ ဌာနချုပ်ရုံးအနီးရှိ ကားရပ်နားရာနေရာကို ဒုံးကျည်နှစ်စင်း ကြာသပတေးနေ့က ထိမှန်ခဲ့သော်လည်း ထိခိုက်သေဆုံးမှုမရှိဟု သိရသည်။

ယင်းတိုက်ခိုက်မှုသည် ခုခံရေးသမားများ၏ ထိုးစစ်အစီအစဉ် အစိတ်အပိုင်းဖြစ်ပုံရပြီး အီရတ်နိုင်ငံကို ဧပြီလထဲ၌ အမေရိကန်နှင့် အပေါင်းပါတပ်များ သိမ်းခဲ့ပြီးနောက် ပထမဆုံး ခရစ္စမတ်နေ့နှင့် တိုက်ဆိုင်နေသည်။

ပစ်ခတ်တိုက်ခိုက်

ပြောက်ကျားများသည် ကြာသပတေးနေ့ တစ်လျှောက်လုံး အနောက်နိုင်ငံသားများတည်းခိုသော ဟိုတယ်တစ်ခု၊ နိုင်ငံခြားသံရုံးတစ်ခုထက်မနည်းနှင့် အစိုးရရုံးအဆောက်အအုံများကို စိန်ပြောင်းများ၊ ဒုံးကျည်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

ရာရှီတန်ဟိုတယ်ကိုပစ်ခတ်သော ဒုံးကျည်သည် ဟိုတယ်အရှေ့ရှိ ၁၀ထပ် အဆောက်အအုံတစ်ခုကို ထိမှန်သဖြင့် အီရတ်သုံးဦးဒဏ်ရာရခဲ့သည်။ ဘဂ္ဂဒက်မြို့လယ်ရှိ အီရန်သံရုံး၏ ခြံစည်းရိုးကို ဒုံးကျည်တစ်စင်းထိမှန်ခဲ့ပြီး အီရတ်ဝန်ကြီးဌာနနှစ်ခု၏ ရုံးအဆောက်အအုံများ၊ အမျိုးသားဘဏ်နှစ်ခု၊ ကာ့ဒ်ရုပ်မြင်သံကြားဌာန၊ ခရစ်ယာန်ဘုရားကျောင်းတို့လည်း ပစ်ခတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒီဇင်ဘာ ၂၇ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ လမ်းတစ်လမ်းတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်လူမျိုးများအတွက် ခိုင်မာတောင့်တင်းသော နိုင်ငံဖြစ်ရန် လက်ဘနွန်နိုင်ငံ အဓိကပါဝင်အထောက်အကူပြုနိုင်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇

အီရတ်လူမျိုးများခိုင်မာတောင့်တင်းသော အီရတ်နိုင်ငံဖြစ်လာ စေရန်တည်ဆောက်ရာတွင် ၎င်းတို့ကြုံ ရသော ကံကြမ္မာကိုထပ်မကြုံရစေရန်အတွက် လက်ဘနွန်နိုင်ငံက အထောက်အကူပြုနိုင်ပေသည်။ အီရတ်နိုင်ငံ၌ ရေရှည်လုပ်ငန်း ဆောင်ရွက်နေသော နိုင်ငံခြားကုမ္ပဏီများအတွက် လက်ဘနွန်နိုင်ငံက အခြေခံတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ပြီး နိုင်ငံခြားကုမ္ပဏီများကို စီးပွားရေးလုပ်ငန်းကျွမ်းကျင်မှုကို ပေးနိုင်ပေသည်။

အီရတ်နိုင်ငံ၏ အခြေအနေသည် မတည်မငြိမ်ဖြစ်မြဲရှိသော်လည်း မကြာသေးသော သီတင်းပတ်များ အတွင်း၌ အီရတ်နိုင်ငံအပေါ် အာရုံစိုက်မှုသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ခြင်းနှင့် နိုင်ငံရေးပြန်လည်ထူထောင်ခြင်းနှင့် ပတ်သက်သည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဆီသို့ ရွေ့ရှပြောင်းသွားခဲ့သည်။ အဆိုပါနိုင်ငံပြန်လည်တည် ဆောက်ခြင်းနှင့် နိုင်ငံရေး ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်နှစ်ရပ်လုံးတွင် လက်ဘနွန်နိုင်ငံသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နိုင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဓာတ်ငွေ့တွင်း ပေါက်ကွဲရာဒေသအနီးရှိ ကျေးရွာများသို့ နောက်ထပ်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထား

ချုံချင့် ဒီဇင်ဘာ ၂၇

တရုတ်ပြည်အနောက်တောင်ဘက် ချုံချင့်မြူနီစီပယ်ဒေသတွင် လူ ၁၉၁ဦးထက်မနည်း သေဆုံးခဲ့ရသော ဓာတ်ငွေ့တွင်းပေါက်ကွဲရာအနီးရှိ ကျေးရွာများသို့ ကယ်ဆယ်ရေးအဖွဲ့များ ကြာသပတေးနေ့က နောက်ထပ်စေလွှတ်ထားကြောင်း သိရသည်။

တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း(စီအင်ပီစီ)က ဆောင်ရွက်နေသော ချွန်ဒွန်ဘေး ဓာတ်ငွေ့တွင်းသည် ချုံချင့်မြူနီစီပယ်ဒေသ၏ အရှေ့မြောက်ဘက် ၃၃၇ ကီလိုမီတာခန့်၌ ရှိသည်။

ရွှေ့ပြောင်းပေး

အဆိုပါဓာတ်ငွေ့တွင်းဝန်းကျင်ရှိ အချင်းဝက်သုံးကီလိုမီတာမှ ငါးကီလိုမီတာအတွင်း၌ နေထိုင်သူ ၃၁၀၀၀ ခန့်ကို အင်္ဂါနေ့ညကစပြီး ၎င်းတို့၏ကျေးရွာများမှ ရွှေ့ပြောင်းပေးထားကြောင်း ဒေသအရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ ခေတ္တရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးညွှန့်အောင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ (ယာပုံ)

နိုင်ငံတော် အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗိုးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

စက်မှုလက်မှုအထက(၁)အငြိမ်းစားဆရာကြီးများအား အငြမအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

၁၉၅၈ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အတွင်း နတ်မောက်စက်မှုလက်မှု အထက(၁)မှ ကျောင်းဆင်းပြီးသော ကျောင်းသားဟောင်းများက အသက်(၆၀)ကျော် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အငြမအကြိမ်ပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေကျင်သာသနလင်္ကာရ မဟာဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများသည် ဦးကြည် ဖုန်း–၅၇၂၇၀၇၊ ဦးလှထွန်း ဖုန်း–၀၉–၈၀–၂၂၉၅၆၊ ဦးသိန်းဝေ ဖုန်း–၅၁၂၉၁၈၊ ဦးအေးကြူ ဖုန်း–၆၄၁၉၁၂၊ ဦးထွန်းရီ ဖုန်း–၅၄၀၈၀၂၊ ဦးသန်းထွန်း ဖုန်း–၀၂–၆၂၁၅၁၊ ဦးသန်းဝင်း ဖုန်း–၅၉၂၀၂၈၊ ဦးမြင့် ဖုန်း–၅၈၀၂၂၃၊ ဦးအုန်းမြင့် ဖုန်း–၆၄၀၅၈၇၊ ဦးတင်အေး ဖုန်း–၀၉–၈၀–၃၁၈၉၉၊ ဦးစိုးတင့် ဖုန်း–၀၉–၉၀–၂၂၅၂၇၊ ဦးအောင်သန်း ဖုန်း–၇၂၄၈၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပဋ္ဌာန်းပူဇော်ပွဲ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျ အတုလမာရ်အောင် ဘွဲ့တော်ဆောင်သော (၁၀၃)နှစ်ပြည့် ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၈ရက်မှ ၁၂ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည် ဖြစ်ရာ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းလိုသူများသည် ဘုရားပွဲတော် ကျင်းပရေးကော်မတီ ဖုန်း– ၅၄၂၁၇၇ နှင့် ၅၅၄၀၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အကောက်ခွန်နေ့အထိမ်းအမှတ်ဝန်ထမ်းကျင့်ဝတ်ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်မည့် အကောက်ခွန်နေ့အထိမ်းအမှတ် ဝန်ထမ်းကျင့်ဝတ် ရေးဖြေစာမေးပွဲကို အကောက်ခွန်သင်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပုဇွန်တောင်တို့၌ ယနေ့ကျင်းပရာ ပြန်တမ်းဝင်အရာရှိ ၄၂ ဦး၊ ပြန်တမ်းဝင်အရာရှိမဟုတ်သူဝန်ထမ်း ၄၆၇ ဦး စုစုပေါင်း ၅၀၉ ဦး ဖြေဆိုကြရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဦးခင်မောင်လင်း ကြည့်ရှုအားပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

အီလက်ထရွန်နစ်စက်ပြင် သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

တိုင်းအီလက်ထရွန်နစ် စက်ပြင်သင်တန်းက ရေဒီယို၊ ကက်ဆက်၊ TV, VIDEO, VCD, CD, စက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ခြင်းသင်တန်းများကို စာတွေ့လက်တွေ့တစ်ဦးချင်းသင်တန်း ပို့ချပေးခြင်းကို ဒီဇင်ဘာ ၃၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် တိုင်းအီလက်ထရွန်းနစ် အမှတ် ၇၀ ရန်ကုန်–အင်းစိန် လမ်းမ၊ သုခမှတ်တိုင်နှင့် ဘူတာရုံလမ်းမှတ်တိုင်ကြား (၉)ရပ်ကွက် လှိုင်မြို့နယ် ဖုန်း–၀၁–၅၃၅၁၅၁ နှင့် ၀၉–၈၀–၃၄၅၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

စမ်းချောင်းမြို့နယ် အမက(၄) ၂၀၀၂–၂၀၀၀၃ခု ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက်က ပြုလုပ်ရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်မင်းမွန်ချမ်းအား သဘာပတိကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၉)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၇ ရက် (အဖိတ်နေ့)

၂၉–၁၂–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဦးဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ ရွှေလီတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၅ ၇။ အကပဒေသာ
- ၁၇:၄၀ ၈။ မြန်မာ့ရိုးရာတေးဝလေ့ ကျေးလက်တေးသံများ
- ၁၇:၅၀ ၉။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၈:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈:၁၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success in Soccer
- ၁၉:၁၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၇။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု "တိုးတက်ဖွံ့ဖြိုး ပြည့်ရိက္ခာ၊ ဖူလုံကြွယ်ဝ ငါးပုစွန်ကဏ္ဍ"
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တံ့မယူလို"** (အပိုင်း–၇)

ဒီဇင်ဘာ ၂၀ရက်က ကျင်းပသော သဃ်န်းကျွန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင်အခမ်းအနားတွင် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသော မသန္တာအောင်အား ကျောင်းအုပ်ဆရာကြီး ဦးမိုးလွင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၂၉–၁၂–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ်(သမိုင်း) (ခ)ဒုတိယနှစ်(မြန်မာစာ)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"** (အပိုင်း–၃၂)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်ပုနှင့် သောင်းချမ်"** (အပိုင်း–၁၆)



လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အောင်လံ-ဆတ်သွား မီးရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းတွင် တပ်မတော်သားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

စဉ်	တံတားအမည် (မြို့)	ပေ အရှည်
၁။	ပသွယ်တံတား (ပန်းတနော်မြို့)	၄၂၀
၂။	ကျောင်းကုန်းတံတား(ကျောင်းကုန်းမြို့)	၆၀၀
၃။	သုံးခွမြို့တွင်းတံတား (သုံးခွမြို့)	၂၂၄
၄။	ကျုံကနောင်တံတား (ပန်းတနော်မြို့)	၂၄၀
၅။	သယုချောင်းတံတား (အမ်းမြို့)	၃၂၀
၆။	ဘုံချောင်းတံတား (ကလေးမြို့)	၃၀၀
၇။	အမ်းချောင်းတံတား (အမ်းမြို့)	၅၄၀
၈။	ဇောမိတံတား (ပန်းတနော်မြို့)	၁၈၀
၉။	မဲဇလီတံတား (ညောင်တုန်းမြို့)	၂၄၀
၁၀။	ကျောက်ချောင်းတံတား (ရေကြည်မြို့)	၂၄၆
၁၁။	ငဝန်မြစ်ကူးတံတား(ရေကြည်မြို့)	၁၁၆၄
၁၂။	သုံးခွမြို့ထွက်တံတား(၅/၄၈)(သုံးခွမြို့)	၂၂၄
၁၃။	ဒဂုံမြို့သစ်တံတား(မြောက်ဥက္ကလာပမြို့)	၆၀၀
၁၄။	နသိုးချောင်းတံတား(ကျောက်ထုမြို့)	၁၈၀
၁၅။	မမြချောင်းတံတား(မြန်အောင်မြို့)	၃၂၈
၁၆။	ကညင်ချောင်းတံတား (အင်္ဂပူမြို့)	၃၂၈
၁၇။	သဲဖြူချောင်းတံတား (အင်္ဂပူမြို့)	၂၄၆
၁၈။	ဇော်ဂျီမြစ်ကူးတံတား(၃/၄၀၂) (ကျောက်ဆည်မြို့)	၂၁၀
၁၉။	သဲဖြူချောင်းတံတား(ကျိုက်ထိုမြို့)	၁၈၀
၂၀။	သခွတ်မြစ်ကူးတံတား(ကော့မှူးမြို့)	၄၉၅
၂၁။	ဒရယ်ဘိုတံတား(လှည်းကူးမြို့)	၂၂၀
၂၂။	သန်လျင်တံတား (ရန်ကုန်မြို့)	၅၉၇၇
၂၃။	ရွှေလှေတံတား (သံတွဲမြို့)	၆၀၀
၂၄။	တိမ်ညိုတံတား (မြောက်ဦးမြို့)	၃၀၀
၂၅။	ညောင်ပင်ဝန်းတံတား (စစ်ကိုင်းမြို့)	၆၀၀
၂၆။	ပဲခူးမြစ်ကူးတံတား (ပဲခူးမြို့)	၂၉၀
၂၇။	အိမ်မဲတံတား(အိမ်မဲမြို့)	၂၇၆
၂၈။	သနပ္ပင်ရိုးတံတား(ရေကြည်မြို့)	၁၈၀
၂၉။	အပင်နှစ်ဆယ်တံတား(ပုသိမ်မြို့)	၂၂၀
၃၀။	လီလုတံတား(နမ့်ဆန်မြို့)	၃၀၀
၃၁။	ဘုရင့်နောင်တံတား(ရန်ကုန်မြို့)	၁၆၄၀
၃၂။	ဝက်ပုတ်တံတား(သဲကုန်းမြို့)	၁၈၀
၃၃။	တာပိန်တံတား(မိုးမောက်မြို့)	၃၂၀
၃၄။	သိုက်ချောင်းတံတား(ပေါက်ခေါင်းမြို့)	၁၉၈
၃၅။	ဘမောင်တံတား(ပေါက်ခေါင်းမြို့)	၂၂၆
၃၆။	ကျိန္တလီမြစ်ကူးတံတား (ဂွမြို့)	၇၀၀
၃၇။	၂မိုင်တံတား (မိုင်းပျဉ်းမြို့)	၂၂၀
၃၈။	လှိုင်မြစ်ကူးတံတား(ဥတို)(တိုက်ကြီးမြို့)	၇၈၀
၃၉။	မြစ်သာမြစ်ကူးတံတား(ဂန့်ဂေါမြို့)	၆၀၀
၄၀။	ကမ္ဘာ့နီတံတား (ကလေးမြို့)	၅၉၅
၄၁။	ကဒ္ဒပနတံတား (ကျောက်တန်းမြို့)	၁၈၈
၄၂။	ခနောင်ချောင်းတံတား(ကျောက်တန်းမြို့)	၁၈၀
၄၃။	တဘက်ချောင်း (ဝိုင်းမော်မြို့)	၅၀၀
၄၄။	တော်ပုလဲတံတား(ကွမ်းခြံကုန်းမြို့)	၁၈၆
၄၅။	ယုချောင်းတံတား (တမူးမြို့)	၃၂၀
၄၆။	ဖိုင်လင်းတံတား (တမူးမြို့)	၂၅၀
၄၇။	လှိုင်ဝတံတား (ကော့ကရိတ်မြို့)	၂၄၀
၄၈။	သမရိုးတံတား (အရာတော်မြို့)	၇၄၈
၄၉။	မြောင်းမြတံတား (မြောင်းမြမြို့)	၁၂၇၀
၅၀။	ပုဇွန်ဖြေတံတား (သံတွဲမြို့)	၃၀၀
၅၁။	ယောချောင်းတံတား (ဆိပ်ဖြူမြို့)	၅၃၀
၅၂။	နတ်ချောင်းတံတား(ဘိုကလေးမြို့)	၃၀၀
၅၃။	သံလွင်တံတား(တာကော်အက်) (တန့်ယန်းမြို့)	၆၀၀
၅၄။	ဒေးဒလူတံတား (ဖျာပုံမြို့)	၄၀၀
၅၅။	မန်းချောင်းတံတား (မင်းဘူးမြို့)	၉၀၀
၅၆။	နွယ်တမယ်တံတား (စလင်းမြို့)	၁၂၀၀
၅၇။	ဆိတ်မချောင်းတံတား (ဘိုကလေးမြို့)	၂၈၀
၅၈။	ဥယျာဉ်ချောင်းတံတား (ကျိုက်လတ်မြို့)	၃၀၀
၅၉။	ခတ္တိယတံတား (မအူပင်မြို့)	၄၂၀
၆၀။	သံလွင်တံတား(ဘားအံ) (ဘားအံမြို့)	၂၂၅၂
၆၁။	အုန်းတည်ချောင်းတံတား (အမ်းမြို့)	၂၇၀
၆၂။	ငမိုးရိပ်တံတား(ပါရမီ) (ရန်ကုန်မြို့)	၆၆၄
၆၃။	နဝဒေးတံတား (ပြည်မြို့)	၄၁၈၃
၆၄။	မြောင်းဘွေတံတား (မြောက်ဦးမြို့)	၇၄၀
၆၅။	ပြည်ရေဆင်းတံတား (ပြည်မြို့)	၁၈၃
၆၆။	လပွတ္တာ(ပင်လယ်လေးတံတား) (မြောင်းမြမြို့)	၁၃၀၀
၆၇။	မအူပင်တံတား (မအူပင်မြို့)	၂၃၆၂
၆၈။	ဗားရိတံတား (ဖလမ်းမြို့)	၃၄၀
၆၉။	ယိုးချောင်းတံတား (ကျောက်တော်မြို့)	၄၂၀
၇၀။	အတ္တရံတံတား (မော်လမြိုင်မြို့)	၁၄၂၀
၇၁။	ဝင်းဝတံတား (သရက်ချောင်းမြို့)	၅၀၀
၇၂။	လင်းလွန်းပင်တံတား (ညောင်တုန်းမြို့)	၁၈၀
၇၃။	မုန်းချောင်းတံတား (ပွင့်ဖြူမြို့)	၁၃၀၀
၇၄။	ကင်းချောင်းတံတား (ပုဏ္ဏားကျွန်းမြို့)	၄၄၀
၇၅။	အောက်စုတံတား (ညောင်တုန်းမြို့)	၁၈၀
၇၆။	ဒွါရာဝတီမြို့ဦးတံတား (သံတွဲမြို့)	၅၄၀
၇၇။	ပွန်ချောင်းတံတား (ဆီဆိုင်မြို့)	၂၂၀
၇၈။	ဗလမင်းထင်တံတား (မြစ်ကြီးနားမြို့)	၂၆၈၈
၇၉။	ပုလောက်တံတား (ပုလောမြို့)	၅၀၀
၈၀။	ပုလောတံတား (ပုလောမြို့)	၆၀၀
၈၁။	မဲကနယ်တံတား (မြဝတီမြို့)	၁၈၂
၈၂။	ဒုဋ္ဌဝတီတံတား (တံတားဦးမြို့)	၇၀၀
၈၃။	သံလွင်တံတား(တာဆန်း)(မိုင်းပန်းမြို့)	၉၀၀
၈၄။	ငမိုးရိပ်တံတား သဃ်န်းကျွန်း(ရန်ကုန်မြို့)	၇၀၀
၈၅။	ဂျိုင်း(ဇာသပြင်)တံတား (ဘားအံမြို့)	၂၉၀၀
၈၆။	တုန်ဟုန်တံတား (ညောင်ရွှေမြို့)	၂၄၀
၈၇။	တံတားအမှတ် ၂/၈၃ (ဝေါမြို့)	၁၈၀

ပြည်ထောင်စုတစ်လွှား လမ်းတံတားတို့ ပန်းအလား

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းနဲ့ တံတားတွေ ပြည်ထောင်စုတစ်လွှား အံ့မခန်းတိုးပွားလို့နေပြီ ဖြစ်ပါတယ်။ ဘာ့ကြောင့် ယခုအချိန်မှာ ဤမျှ အံ့မခန်းတိုးပွားနေရပါသလဲ။ ဒီမေးခွန်းအတွက် အတွေ့အကြုံလေးတစ်ခုကို ဥပမာပေး ဖြေကြားလိုပါတယ်။

လွန်ခဲ့တဲ့ နှစ် ၄၀ ခန့်က ဖြစ်ပါတယ်။ စာရေးသူငယ်စဉ်ဘဝ ရန်ကုန်ကနေ မွေးရပ်မြေအပြန် အဖြစ်အပျက်လေးတစ်ခုပါ။ သွားရမယ့်ခရီးက ရန်ကုန်ကနေ ရေးမြို့နယ် အစင်ကျေးရွာအထိပါ။ လူမှန်းသိစအရွယ် ဘမသိဘမသိနဲ့ အိမ်ကလူကြီးတွေခေါ်ရာနောက် လိုက်သွားရာက တွေ့ကြုံရတဲ့ အတွေ့အကြုံလို့ ဆိုရမှာဖြစ်ပါတယ်။

အဲဒီကာလက ရန်ကုန်ကနေ မုတ္တမအထိ ရထားလမ်းရှိပါတယ်။ ဒါပေမယ့် လမ်းခရီး နယ်မြေအချို့မှာ အေးအေးချမ်းချမ်းတော့မဟုတ်ပါဘူး။ လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့တဲ့ တောတွင်းသောင်းကျန်းမှုတွေ ရှိနေဆဲပါ။ ဘီးလင်းတို့၊ သထုံတို့ ဝန်းကျင်မှာဆို အဆိုးဆုံးဖြစ်ပါတယ်။

ဒါပေမယ့် ခရီးသည်တွေဟာ ဒီခရီးကို မသွားမဖြစ်သွားကြရတဲ့အခါ အန္တရာယ်တွေကို မမှုနိုင်ခဲ့ကြပါဘူး။

အဲဒီအချိန်က နယ်မြေကလဲ မအေးချမ်း၊ခရီးသည်တွေကလဲ ခရီးမသွားလို့ မဖြစ်။ ကားလမ်းတွေကလဲ ပီပီပြင်ပြင်မရှိခဲ့လေတော့ ရထားတွေကိုပဲ အားထားခဲ့ကြရပါတယ်။ ခရီးသည်တွေ လုံခြုံရေးအတွက် တပ်မတော်သားတွေဟာ ရထားပေါ်မှာ အချို့၊ ပြီးတော့ လုံခြုံရေး ရှေ့ပြေး ရထားလို့ခေါ်တဲ့ သံချပ်ကာကားပုံစံ သံလမ်းပြေး ရထားငယ်လေးပေါ်မှာ အချို့လိုက်ပါစောင့်ရှောက်ကြပါတယ်။ ဒါနဲ့စာရေးသူတို့ရဲ့ ရထားဟာ ကျိုက်ထိုဘူတာရောက်တော့ ရထားကို အတော်ကြာပဲ ရပ်ထားလိုက်တာ သတိထားမိခဲ့ပါတယ်။ ရှေ့ကသွားတဲ့ ရထားတစ်စီး ဘီးလင်းအနီး နှင်းပုလဲဘူတာမှာ တိုက်ခိုက်ခံရတယ်လို့ ဆိုပါတယ်။ တောတွင်းသောင်းကျန်းသူတွေရဲ့ လက်ချက်ပဲဖြစ်ပါတယ်။ ကျိုက်ထိုဘူတာမှာ စာရေးသူတို့ ရထားဟာ အတော်ကြာရပ်နားပြီး ရှေ့ကို ခရီးဆက်ခဲ့ပါတယ်။ ခရီးသည်တွေကတော့ သည်းတထိတ်ထိတ် ရင်တဖိုဖိုပါပဲ။ ဒါပေမယ့် ကံကောင်းချင်တော့ မုတ္တမဘူတာကို ချောချောမောမောပဲ ရောက်ရှိသွားပါတယ်။

မုတ္တမဘူတာ ရောက်တော့ မော်လမြိုင်ဘက်ကမ်းကူးဖို့ ဇက်ရေယာဉ်ကို စောင့်ရပါတယ်။ အဲဒီကာလက ဇက်ရေယာဉ် အတော်နည်းတော့ ခရီးသွားတွေဟာ အကြာကြီး မစောင့်နိုင်ကြပါဘူး။ ဒီတော့ မုတ္တမနဲ့ မော်လမြိုင်ကို ကူးခတ်နေတဲ့ သမ္ဗန်တွေကိုပဲ အားကိုးကြရပါတော့တယ်။ သမ္ဗန်တွေက ခုခေတ်လို စက်တပ်တွေမဟုတ်ဘဲ လက်ခတ်တွေပါ။ မုတ္တမပင်လယ်ကွေ့ဖြစ်တဲ့ ဂျိုင်းမြစ်နဲ့ သံလွင်မြစ်တို့ပေါင်းဆုံရာ အဲဒီရေပြင်ကျယ်ကြီးဟာ ရေစီးကလဲ အလွန်သန်လှပါတယ်။ ဒါပေမယ့် ခရီးသည် အချို့ဟာ သက်စွန့်ဆံဖျားပဲ ရေစီးသန်လှတဲ့ဒီရေပြင်ကျယ်ကြီးကို သမ္ဗန်နဲ့ ဖြတ်ကူးခဲ့ကြပါတယ်။ စာရေးသူတို့ မိသားစု အပါအဝင်ပါ။ ရေစီးကအလွန်သန်လေတော့ သမ္ဗန်ဟာ ရေဆန်ကိုအတော်တက်ပြီးမှ တစ်ဖက်ကမ်းကို ဦးတည် ကူးခတ်ရပါတယ်။ မှတ်မိပါသေးတယ်။ သမ္ဗန်နဲ့ ဖြတ်ကူးစဉ် အသုံးအဆောင်ပစ္စည်းအချို့ သမ္ဗန်ခတ်တံနဲ့ ငြိပြီး ရေထဲပြုတ်ကျသွားတာတွေကို ယနေ့တိုင်မျက်စိထဲ မြင်ယောင်နေဆဲဖြစ်ပါတယ်။ အဲဒီကာလကတော့ ကလေးဘဝကလဲ ဖြစ်ပြန်တော့ အပျော်တစ်ပိုင်းနဲ့မို့ ကြောက်ရ လန့်ရကောင်းမှန်း သိပ်မသိပါဘူး။ အဲ-အသက်အရွယ် ရလာလို့ နောက်တစ်ခေါက်မွေးရပ်မြေအပြန်မှာတော့ မုတ္တမကွေ့ရေပြင်ကြီးကို ကြည့်ပြီး ငယ်ဘဝခရီးကို တွေးမဝံ့အောင် ဖြစ်ခဲ့ရပါတယ်။

စာရေးသူတို့ မော်လမြိုင်ကနေ ရေးမြို့ကို ခရီးဆက်ဖို့ မီးရထားကိုပဲ အဓိကထား အားကိုးရပါတယ်။ မော်လမြိုင်-ရေး ရထားလမ်းမှာ တောတွင်း လက်နက်ကိုင်တွေ အများဆုံး သောင်းကျန်းတဲ့ နေရာကတော့ အနင်းဘူတာဝန်းကျင်နဲ့ လမိုင်းဘူတာဝန်းကျင်ပဲ ဖြစ်ပါတယ်။ မော့ကနင်ဘက်က တက်လာတဲ့ တောတွင်းသောင်းကျန်းသူတွေဟာ လမိုင်းဘူတာဝန်းကျင်မှာ မကြာခဏဖုံးခွဲ၊ လုယက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

စာရေးသူတို့ မော်လမြိုင်ကနေ ရေးမြို့ကို ချောချောမောမောပဲ ရောက်ခဲ့ပါတယ်။ မီးရထားလမ်းဟာ ရေးမြို့မှာပဲ ဆုံးပါတယ်။ ရေးမြို့ကနေ အစင်ကျေးရွာဘက် ခရီးဆက်ဖို့ ကားလမ်းရှိပေမယ့် လမ်းကအလွန်ကြမ်းတဲ့အပြင် ခရီးလမ်းမှာ သောင်းကျန်းသူတွေကလဲ အလွန်ဆိုးသွမ်းလှပါတယ်။ ဒါကြောင့် ခရီးသည်များဟာ ရေလမ်းဖြစ်တဲ့ ရေးမြစ်ကိုပဲအားကိုးပြီး မော်တော်နဲ့ သွားကြရပါတယ်။ ဒါတောင် တစ်ခါတစ်ရံ မြစ်တစ်ဖက်ကမ်းဆီက သောင်းကျန်းသူတွေက သေနတ်နဲ့လှမ်းပစ်တာ ခံရပါသေးတယ်။

ဒါနဲ့ စာရေးသူတို့ မွေးရပ်မြေရောက်လို့ ငြိမ်းအေးပြီလားဆိုတော့ မဟုတ်သေးပါဘူး။ ရွာထဲကို သောင်းကျန်းသူတွေ ဝင်ပစ်လို့ အိမ်အောက်ကို မိသားစုအလိုက် ဝင်ပုန်းခဲ့ရတာတွေ၊ အနီးမှာရှိတဲ့ ခနိတောထဲကို ပြေးပုန်းပြီး အသံမထွက်အောင် နေခဲ့ရတာတွေ၊ ဒါတွေကို ယနေ့တိုင် မှတ်မိနေဆဲဖြစ်ပါတယ်။

ဆိုလိုတာကတော့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရခဲ့ပေမယ့် တိုင်းရင်းသားပြည်သူတွေဟာ အဲဒီအချိန်က လွတ်လပ်ရေးရဲ့ အရသာကို အပြည့်အဝမခံစားခဲ့ကြရပါဘူး။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံမှာ ပါတီကွဲ၊ ဂိုဏ်းကွဲတွေရဲ့ အုပ်စုတွင်းတိုက်ပွဲတွေ၊ တောတွင်း

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်-ပြည် လမ်းမကြီးကို ဤသို့ ခေတ်မီလှပစွာ ဖောက်လုပ်ထားသည်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် တာချီလိတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်ကို ၁၉-၂-၁၉၉၉ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ လေယာဉ်ရပ်နားရာ နေရာသည် အကျယ်ပေ ၃၀၀၊ အနံပေ၃၀၀ရှိပြီး လေယာဉ်ပြေး လမ်းသည် အလျားပေ ၇၀၅၀၊ အကျယ်ပေ ၁၀၀ ရှိသည်။

းတို့ ပန်းအလားဖူးပွင့်ဝေစီ

သောင်းကျန်းသူတွေရဲ့ ဆိုးခိုးတိုက်ခိုက် လုယက်သတ်ဖြတ် မှုတွေကြောင့် တိုင်းရင်းသားပြည်သူတွေဟာ ကျီးလန့်စာစား နေခဲ့ကြရပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတို့ရဲ့ စားဝတ်နေရေးနဲ့ စီးပွားရေး စတာတွေ အလွန်ကျဆင်း ယုတ်လျော့နေတဲ့ ကာလဖြစ်ခဲ့ပါတယ်။ ဒီတော့ တိုင်းရင်းသားပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို လုပ်နိုင် ဖို့ဆိုတာတော့ အလွန်ဝေးပါတယ်။

တကယ်တော့ တောတွင်းမှာ တိုက်ခိုက်သောင်းကျန်း

တက္ကသိုလ် မောင်သုလှိုင်

နေကြတဲ့ သူတွေဟာလဲ တစ်မြေတည်းနေ တစ်ရေတည်း သောက်ကြတဲ့တိုင်းရင်းသားညီအစ်ကိုတွေပါပဲ။ အချင်းချင်း ဂိုဏ်းဂဏတွေကွဲလို့၊ အယူအဆတွေလွဲလို့ တောထဲရောက် နေကြတဲ့ သူတွေပါ။ တကယ်လို့သာ အချင်းချင်း ညီညွတ်လို့၊ စည်းလုံးလို့ တိုင်းရင်းသားညီအစ်ကိုတွေ အားလုံး ပေါင်းစုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းခဲ့ကြမယ်ဆိုရင် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာမှာ မလွဲပါဘဲ။

ဒါကြောင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော် အစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ ရပ်ချမှတ်ပြီး နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစွာဆောင်ရွက်ခဲ့ပါတယ်။ လက်နက်ကိုင်ဆန့်ကျင် တိုက်ခိုက်နေကြတဲ့ လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေး ရယူခဲ့ပါတယ်။ ငြိမ်းချမ်းရေး ရယူခဲ့ကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာလဲ ယခုအခါ သက်ဆိုင်ရာဒေသ အသီးသီးမှာ တပ်မတော်၊ ပြည်သူတွေနဲ့ လက်တွဲလို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စွမ်းစွမ်းတမံ ပါဝင် ဆောင်ရွက်နေကြပါပြီ။ ယခုအခါမှာတော့ တည်ငြိမ်အေးချမ်းလာတဲ့ နိုင်ငံရေးအခြေအနေနဲ့အတူ မြန်မာနိုင်ငံတစ်ဝန်း အေးချမ်းသာယာလို့ နေခဲ့ပြီဖြစ်ပါတယ်။ တိုင်းရင်းသား ပြည်သူတွေဟာလဲ လွတ်လပ်အေးချမ်းစွာနဲ့ နေထိုင်သွားလာ ကူးသန်းရောင်းဝယ်လို့ နေခဲ့ပါပြီ။

နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတို့ လက်တွဲညီညီနဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေကို နေ့မအားညမနား ဆောင်ရွက်ခဲ့ကြလို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အံ့မခန်းရှိခဲ့ပါပြီ။

မော်တော်ကားလမ်းတွေ၊ တံတားတွေ၊ မီးရထားလမ်းတွေဆိုရင်လဲ မြန်မာပြည်အနှံ့အပြား ကွန်ရက်သဖွယ် သွယ်တန်းလို့နေပါပြီ။စာရေးသူတို့ငယ်စဉ်ဘဝကသွားခဲ့တဲ့ခရီးမှာ ရန်ကုန်က မော်လမြိုင်၊ မော်လမြိုင်က ရေးမြို့ကို မြစ်မကူး၊ ချောင်းမကူးဘဲ သွားလို့ရပါပြီ။ ရန်ကုန်က မော်လမြိုင်ကို ကရင်ပြည်နယ် ဘားအံဘက်ကနေ သံလွင်တံတား (ဘားအံ)၊ ဂျိုင်း(ဇာသပြင်) တံတား၊ အတ္ထရံမြစ်ကူးတံတားတွေကိုဖြတ်ပြီး မော်တော်ကားနဲ့ မြစ်မကူး၊ ချောင်းမကူးဘဲ တိုက်ရိုက်သွားနိုင်ကြပြီဖြစ်ပါတယ်။ ယခင်ခရီးစဉ်အတိုင်း မော်လမြိုင်ကိုသွားမယ်ဆိုရင်လဲ မုတ္တမကနေ မော်လမြိုင်ဘက်ကမ်းကို ကူးနိုင်ဖို့ သံလွင် တံတား (မော်လမြိုင်)ကို တည်ဆောက်လို့နေပြီဖြစ်ပါတယ်။ သံလွင်တံတား (မော်လမြိုင်)ကို တည်ဆောက်ဖို့ဆိုရင် တစ်ချိန်က မည်သူမျှ မတွေးဝံ့တဲ့ကိစ္စပါ။ အိပ်မက်တောင် မမက်ဝံ့ဘူးလို့ ဆိုပါတယ်။ ရေစီးသန်တဲ့ ပင်လယ်ကွေ့ဖြစ်တာရယ်၊ ရေပြင်ကျယ် ဖြစ်တာရယ်၊ ပြီးတော့နယ်မြေ အေးချမ်းမှု မရှိခဲ့တာရယ်ကြောင့် ဖြစ်ပါတယ်။ ခုတော့ မြန်မာပြည်မှာ အရှည်ဆုံး တံတားကြီးဖြစ်လာမယ့် အရှည် ၁၁၅၇၅ ပေရှိတဲ့ သံလွင်တံတား (မော်လမြိုင်) တံတားကြီးဟာ မကြာမီ ပြီးစီး တော့မှာဖြစ်ပါတယ်။ ဒါတင်လား ဆိုတော့ မဟုတ်သေးပါဘူး။ စာရေးသူငယ်ဘဝက ဖြတ်သန်း ခဲ့ရတဲ့ ရေးမြစ် ပေါ်က မြစ်ကူးတံတားဟာ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ရထားလမ်းဟာလဲ ထားဝယ်ထိ ဖောက်လုပ်ပြီးခဲ့ပါပြီ။ ကားလမ်းဆိုရင်လဲ မော်လမြိုင်-ရေး-ထားဝယ်ကနေ ကော့သောင်းအထိ ဆောက်လျှောက်ပါပဲ။ အဲဒီကားလမ်းကို အသုံးပြုပြီး မြန်မာနိုင်ငံရဲ့ မြောက်ဖျား ကချင်ပြည်နယ် ကနေ တောင်ဖျား တနင်္သာရီတိုင်းအထိ အတားအဆီးမရှိ ကားစီးလို့ သွားနိုင်ကြပါပြီ။ တကယ်တော့ အဲဒီလမ်းဟာ မြန်မာနိုင်ငံရဲ့ အဓိကကျတဲ့ ပြည်ထောင်စုလမ်းမကြီး တစ်ခုပါပဲ။

မြန်မာနိုင်ငံရဲ့ အရှေ့နဲ့ အနောက်ကိုသွားတဲ့ ကားလမ်းမကြီးတွေလဲ အများအပြားရှိနေပါပြီ။ ယခင်က ရခိုင်ပြည်နယ်ကနေ ရန်ကုန်ကိုသွားမယ်ဆိုရင် ရေလမ်းခရီးနှင့် လေကြောင်းလမ်းကိုသာ အဓိက အားကိုးနေရပေမယ့် ယခုအခါမှာတော့ ရခိုင်ပြည်နယ် ဝမြို့က တစ်ဆင့် ရန်ကုန်ကို မော်တော်ကားနဲ့ အလွယ်တကူသွားလို့ရခဲ့ပါပြီ။ ဒါတင်မက တောင်ကုတ် တောင်ကြားလမ်းကနေ ဥသျှစ်ပင်-ပန်းတောင်း၊ အဲဒီကမှတစ်ဆင့် နဝဒေး တံတားကြီး ကိုဖြတ်လို့ တစ်ပြည်လုံးကို ခရီးဆက်နိုင်ပါပြီ။ အမ်းတောင်ကြားလမ်းကို ဖြတ်ပြီးတော့လဲ ဧရာဝတီ တံတား (မကွေး) ကတစ်ဆင့် တိုင်းရင်းသား ညီအစ်ကိုများရဲ့ ဒေသများဆီသို့ ခရီးတွင်ခဲ့ပါပြီ။

ဧရာဝတီတိုင်းဟာ တကယ်တော့ မြစ်ချောင်း အလွန်ပေါများတဲ့ တိုင်းတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် တောင်တွေ့ရင် လမ်းဖောက်၊ မြစ်တွေ့ရင်တံတားဆောက် ဆိုတဲ့ စကားနဲ့အညီ လမ်းတွေဖောက်၊ တံတားတွေ ဆောက်ခဲ့ကြတာ ဧရာဝတီတိုင်းအတွင်း လမ်းတွေ တံတားတွေ အစီအရီပေါ်ထွန်းလို့လာခဲ့ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စပါးကျီလို့ခေါ်တဲ့ ဧရာဝတီတိုင်းက စိုက်ပျိုးရေးနဲ့ အခြားထွက်ကုန်တွေ ကုန်စည်တွေဟာ အချိန်တိုအတွင်း မြန်မာပြည် အနှံ့အလွယ်တကူ စီးဆင်းလို့နေပါပြီ။

လမ်းတံတားဟာ နိုင်ငံရဲ့အင်အား ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလမ်းကြောင်းဟာ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းမှာသာတောင်နှင့်မြောက် ဆက်သွယ်လို့နေပါတယ်။ အခုအခါမှာတော့ မြန်မာနိုင်ငံရဲ့ အရှေ့ အနောက် တောင် မြောက် အစိတ်အပိုင်း အားလုံး ဆက်သွယ်မိစေဖို့ မဟာဗျူဟာ ချမှတ်ပြီး ကားလမ်းတွေ၊ တံတားတွေ၊ ရထားလမ်းတွေကို တိုးချဲ့ ဖောက်လုပ်တည်ဆောက်နေပြီဖြစ်ပါတယ်။

အသစ်ဖောက်လုပ်တဲ့ ကားလမ်းမကြီးတွေထဲမှာ မန္တလေး-မြစ်ကြီးနားကားလမ်း၊ မန္တလေး-ဗန်းမော်ကားလမ်း၊ မြစ်ကြီးနား-ပူတာအို ကားလမ်း၊ ဘားအံ-ဇာသပြင်-မော်လမြိုင်ကားလမ်း၊ တောင်ကြီး-ရှာငံ-ဟံမြင့်မိုရ်ကားလမ်း၊ ပျဉ်းမနား-ပင်လောင်း ကားလမ်း၊ စစ်တွေ-အမ်း-မင်းဘူးကားလမ်း၊ ကော့သောင်း-ဘုတ်ပြင်း-ထားဝယ်-မော်လမြိုင်ကားလမ်း၊ တောင်ကုတ်-မအီ- ကျောက်ဖြူကားလမ်း၊ မုံရွာ-ခန္တီးကားလမ်း၊ မင်းဘူး- ဆိပ်ဖြူ-ပခုက္ကူ-မုံရွာကားလမ်း၊ မင်းလှ-သရက်-ပြည်ကားလမ်း၊ မုံရွာ- ကလေးဝ ကားလမ်း၊ ပျဉ်းမနား-တောင်တွင်းကြီးကားလမ်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး ကားလမ်းနဲ့ တောင်ငူ-ပြည် ကားလမ်းတွေ ပါဝင်ပါတယ်။

ပြည်နယ်နဲ့တိုင်းတွေမှာ အသစ်ဖောက်လုပ်ခဲ့တဲ့ ရထားလမ်းတွေ ကတော့ ပြည်-အောင်လံ-တောင်တွင်းကြီးလမ်း၊ ပခုက္ကူ-ချောက်လမ်း၊ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်လမ်း၊ ပခုက္ကူ- ချောင်းဦးလမ်း၊ ဘုတလင်-ရေဦး-ခင်ဦးလမ်း၊ ရန်ကုန်-ပုဂံ ပတ်လမ်း၊ နန့်ဆန်-မိုးနဲလမ်း၊ ညောင်ရွှေ-ရပ်စောက်လမ်း၊ အောင်ပန်း-လွိုင်ကော်လမ်း၊ ရေး-ထားဝယ်လမ်းနဲ့ ရေပုတ်နီ-ဂန့်ဂေါ-ကလေး ရထားလမ်းတွေပါဝင်ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့တဲ့ တံတားတွေကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့တဲ့ ပေ၁၈၀အထက် တံတားကြီးပေါင်း ၁၆၅ စင်း ဖြစ်ပါတယ်။

ကားလမ်းအနေနဲ့ ၁၉၈၈ ခုနှစ်က လမ်းပေါင်း ၄၆ဝ လမ်း၊ လမ်းမိုင်အရှည် ၁၃၆၀၀ မိုင်ရှိခဲ့ရာက ယခုအခါ လမ်းသစ် ၅၅ လမ်း၊ လမ်းမိုင်ပေါင်း ၂၀၀၀ ခန့် အသစ်တိုးချဲ့ဖြစ်ထွန်းလာပြီ ဖြစ်ပါတယ်။

ရထားလမ်းအနေနဲ့ ၁၉၈၈ ခုနှစ်မှာ ခရီးမိုင် ပေါင်း ၁၉၇၆ မိုင်ကျော်ရှိခဲ့ရာက ယခုအခါ ၁၀၁၂ မိုင်တိုးတက်လာတဲ့အတွက် ရထားလမ်းမိုင်ပေါင်း ၃၀၀၀ နီးပါးခန့် ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့ပြင် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကို ဆောင်ရွက်ခဲ့ရာမှာ အပြည်ပြည်ဆိုင်ရာ လေကြောင်းနဲ့ ရေကြောင်း ပို့ဆောင်ရေး၊ ပြည်တွင်းလေကြောင်းနဲ့ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍများဟာလဲ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်း လာခဲ့ပါတယ်။

လေယာဉ်ကွင်းအနေနဲ့၁၉၈၈ခုနှစ်က ၂၁ကွင်းရှိရာကနေ ယခု ၂၇ကွင်းရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဂျက်လေယာဉ်ကွင်း အနေနဲ့ ယခင်က ခြောက်ကွင်းရှိရာက ယခု ၁၈ကွင်းရှိလာခဲ့ပါတယ်။ ပြည်တွင်းရေကြောင်းအနေနဲ့ ၁၉၈၈ခုနှစ်က သင်္ဘောဆိပ် ဆိပ်ခံတံတား ၁၃ ခုရှိခဲ့ရာက ယခု ၂၇ခုရှိလာပြီး ယခင်ကမရှိခဲ့တဲ့ ကွန်တိန်နာစခန်းလဲ ယခုခြောက်ခု ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကြယ်ငါးပွင့်သင်္ဘော ၁၉၈၈ခုနှစ်မှာ ၂၂စင်းသာရှိခဲ့ရာက ယခုဆိုရင် ၂၆စင်းအထိရှိလာခဲ့ပြီဖြစ်ပါတယ်။

ပြည်တွင်းသုံးရေယာဉ်တွေတည်ဆောက်ခြင်း၊ပြင်ဆင်ခြင်းအပြင် ပြည်ပက မှာယူတဲ့ ရေယာဉ်တွေကိုလဲ တည်ဆောက်ပေးနေတဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဟာ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ သင်္ဘောစင်းရေ (၁၄၉) စင်းကို တည်ဆောက်ပေးခဲ့ပြီး (၃၄၇)စင်း ပြင်ဆင်ပေးခဲ့ပြီးကြောင်း သိရပါတယ်။

ခုလို လမ်းတံတားတွေ၊ ရထားလမ်းတွေ၊ လေကြောင်းလိုင်းတွေ၊ ရေကြောင်းလမ်းတွေ၊ လေဆိပ်နဲ့ သင်္ဘောဆိပ်တွေဟာ ပြည်ထောင်စု တစ်လွှား အံ့မခန်း တိုးတက် ဖွံ့ဖြိုးလာတာ ဘာကြောင့်လဲလို့ မေးတဲ့ မေးခွန်းကို ဖြေပါ့မယ်။

တကယ်တော့ ဒါဟာ နိုင်ငံတော်ရဲ့ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့်တည်ငြိမ်ခြင်းရဲ့ အကျိုးရလဒ်တွေအပေါ် တိုင်းရင်း သား ပြည်သူတို့စည်းလုံးညီညွတ်မှုစွမ်းပကားနဲ့ တည်ထောင် အကောင်အထည်ဖော်ခဲ့လို့ပဲ ဖြစ်ပါတယ်။

အချုပ်ဆိုရရင် ဘယ်ခေတ် ဘယ်ကာလ ဘယ်တိုင်းပြည်မှာ ဖြစ်ဖြစ် လွတ်လပ်ရေးရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေမယ်၊ တိုင်းရင်းသားပြည်သူတွေ စည်းလုံးညီညွတ်နေမယ်ဆိုရင် ဘယ်နယ်ချဲ့၊ ဘယ်ရန်သူမှ ကျူးကျော် စော်ကားလို့ မရပါဘူး။ တစ်ချိန်တည်းမှာပဲ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ အချိန်နဲ့တစ်ပြေးညီ တိုးတက်အောင်မြင်နေမှာပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ဆိုရရင်တော့ ပြည်ထောင်စုတစ်လွှား လမ်းတံတားအပါအဝင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းတွေဟာ ပန်းအလား ထာဝရ ဖူးပွင့်ဝေစီနေမှာပဲ ဖြစ်ပါတယ်။ ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် တည်ဆောက် ထားသော ကစ္ဆပနဒီတံတား။



အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

စာမျက်နှာ ၉ မှ

၈၈။	မြစ်မခတံတား (လက်ပံတန်းမြို့)	၁၅၂၀
၈၉။	ဘဲဇာအင်းတံတား (ရေကြည်မြို့)	၃၆၀
၉၀။	ဂျိုင်း(ကော့ကရိတ်)တံတား (ကော့ကရိတ်မြို့)	၁၂၀၀
၉၁။	နမ့်မြစ်ခတံတား (ဝိုင်းမော်မြို့)	၂၆၀
၉၂။	ဒလက်ချောင်းတံတား (အမ်းမြို့)	၉၉၀
၉၃။	ပိကောက်တံတား (ကျောက်တော်မြို့)	၃၆၀
၉၄။	ယောချောင်းတံတား (မြေပုံမြို့)	၁၁၀၀
၉၅။	မလိယန်တံတား (ဝိုင်းမော်မြို့)	၃၂၀
၉၆။	ချောင်းတွင်းတံတား (ဖျာပုံမြို့)	၂၃၆
၉၇။	ပန်းလောင်(၆)လမ်းသွားတံတား (တံတားဦးမြို့)	၃၀၀
၉၈။	အင်းလန်တံတား (တိုက်ကြီးမြို့)	၂၀၅
၉၉။	ဒုံဗျိုက်အင်းတံတား (တိုက်ကြီးမြို့)	၂၀၀
၁၀၀။	ဆင်ဖြူရှင်တံတား (ချောင်းဦးမြို့)	၄၉၅၇
၁၀၁။	ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်းမြို့)	၈၅၄၄
၁၀၂။	ရာမောင်တံတား (မင်းပြားမြို့)	၁၃၀၀
၁၀၃။	ကစ္ဆပနဒီတံတား(ကျောက်တော်မြို့)	၂၅၁၃
၁၀၄။	ဥတိုချောင်းတံတား (ပုသိမ်မြို့)	၉၀၀
၁၀၅။	မင်းချောင်းတံတား (စစ်တွေမြို့)	၂၀၀၃
၁၀၆။	ပန်းတနော်တံတား (ပန်းတနော်မြို့)	၄၂၀
၁၀၇။	လှိုင်မြစ်တံတား (မြို့ချောင်း) (မော်ဘီမြို့)	၁၉၄၀
၁၀၈။	ကိုင်းရှည်တံတား (တောင်ကုတ်မြို့)	၅၄၀
၁၀၉။	နန်ဆန်ယန်တံတား (မိုးမောက်မြို့)	၄၀၀
၁၁၀။	မိုးလဲတံတား (မိုးမောက်မြို့)	၃၂၅
၁၁၁။	စမုံပေါက်တံတား (မြစ်သားမြို့)	၃၀၀
၁၁၂။	မဟာဗန္ဓုလတံတား (ရန်ကုန်မြို့)	၃၆၄၃
၁၁၃။	အောင်ဇေယျတံတား (ရန်ကုန်မြို့)	၃၇၈၆
၁၁၄။	ခပေါင်းတံတား (တောင်ငူမြို့)	၆၀၀
၁၁၅။	ကတုတ်ချောင်း (ဒိုက်ဦးမြို့)	၁၉၆
၁၁၆။	ဘောလယ်မြစ်တံတား (ရေပေါ်သောင်) (ထန်းတပင်မြို့)	၁၉၄၀
၁၁၇။	တနင်္သာရီတံတား (တနင်္သာရီမြို့)	၁၃၆၀
၁၁၈။	နမ့်တိန်ချောင်းတံတား (ကွမ်းလုံမြို့)	၄၃၂
၁၁၉။	ရွာလည်ရိုးကြီးတံတား (ရေကြည်မြို့)	၃၀၀
၁၂၀။	လှိုင်မြစ်တံတား(ရွှေပြည်သာ) (ရွှေပြည်သာမြို့)	၃၄၁၅
၁၂၁။	ကောလိယတံတား (ဒိုက်ဦးမြို့)	၁၉၆
၁၂၂။	ဂုံညင်းတန်းတံတား (ကျိုက်လတ်မြို့)	၁၉၄၀
၁၂၃။	သလိပ်ကြီးတံတား (ဖျာပုံမြို့)	၁၈၀
၁၂၄။	တမံရိုးတံတား (လှည်းကူးမြို့)	၁၈၀
၁၂၅။	ဘားလားချောင်းတံတား (ရန်ကုန်မြို့)	၂၁၁

၁၂၆။	ဆပ်သွားတံတား (ငွမြို့)	၆၆၀
၁၂၇။	အနော်ရထာတံတား (ချောက်မြို့)	၅၁၉၂
၁၂၈။	ခုံမင်းရိုးတံတား (ရေကြည်မြို့)	၂၄၀
၁၂၉။	ရိုးညီနောင်(၂)တံတား (ရေကြည်မြို့)	၁၈၀
၁၃၀။	မဲဇာတံတား (အင်းတော်မြို့)	၄၆၅
၁၃၁။	လမူးတံတား (တောင်ကုတ်မြို့)	၅၀၀
၁၃၂။	သဲကုန်တံတား (ကျောင်းကုန်းမြို့)	၃၀၀
၁၃၃။	ပြည့်ချောင်းတံတား (သံတွဲမြို့)	၄၄၀
၁၃၄။	တန်းလွဲချောင်းတံတား (တောင်ကုတ်မြို့)	၆၀၀
၁၃၅။	မအီချောင်းတံတား (တောင်ကုတ်မြို့)	၉၄၀
၁၃၆။	လောင်းဂတ်တံတား (ဂန့်ဂေါမြို့)	၃၀၀
၁၃၇။	ဖြူးချောင်းတံတား (ဖြူးမြို့)	၄၆၈
၁၃၈။	တနိုင်းတံတား (တနိုင်းမြို့)	၉၄၂
၁၃၉။	မတ်လန်းတံတား (လဲချားမြို့)	၂၄၀
၁၄၀။	ရွှေလောင်းတံတား(ရွှေလောင်းမြို့)	၁၉၀၀
၁၄၁။	ဇော်ဂျီတံတား (ကျောက်ဆည်မြို့)	၂၁၀
၁၄၂။	ကပ်တဲ(လ်)တံတား (တီးတိန်မြို့)	၄၈၀
၁၄၃။	မန်းချောင်းတံတား (စကုမြို့)	၄၂၀
၁၄၄။	ကျောက်ကြီးပေါက်တံတား (အမ်းမြို့)	၃၀၀
၁၄၅။	တံငါတံတား (မတ္တရာမြို့)	၃၆၀
၁၄၆။	ဖောင်ကြီးတံတား (လှည်းကူးမြို့)	၂၄၀
၁၄၇။	ဧရာဝတီတံတား(မကွေး) (မကွေးမြို့)	၈၉၈၉
၁၄၈။	လမ်းသမိုင်တံတား (ဝါးခယ်မမြို့)	၂၂၀
၁၄၉။	ဝါးခယ်မတံတား (ဝါးခယ်မမြို့)	၃၀၂၀
၁၅၀။	စစ်တောင်းတံတား (ရွှေကျင်–မဒေါက်) (ရွှေကျင်မြို့)	၁၅၀၀
၁၅၁။	ရဲနွယ်တံတား (ပြွန်တန်ဆာမြို့)	၃၆၀
၁၅၂။	ချင်းတွင်းတံတား (မုံရွာမြို့)	၄၇၃၀
၁၅၃။	ရွှေလီတံတား (ကသာမြို့)	၂၃၃၀
၁၅၄။	ဧရာဝတီတံတား (ဒေးဒရဲ) (ဒေးဒရဲမြို့)	၄၀၈၈
၁၅၅။	ပေါင်းတုတ် (မြောက်ဦးမြို့)	၂၄၀
၁၅၆။	ဟိုပင်တံတား (ဟိုပင်မြို့)	၂၀၀
၁၅၇။	ဒါးကတံတား (ကံကြီးထောင့်မြို့)	၁၄၀၀
၁၅၈။	လင်းခေးတံတား (လင်းခေးမြို့)	၃၀၀
၁၅၉။	နမ့်မွေတံတား (တာချီလိတ်မြို့)	၃၀၀
၁၆၀။	ကွင်းချောင်းတံတား(ဖြူးမြို့)	၃၀၀
၁၆၁။	ဘိုင်းဒါးတံတား (ဒိုက်ဦးမြို့)	၃၀၀
၁၆၂။	လေညာ–မဏ္ဍိုင်တံတား (ဘုတ်ပြင်းမြို့)	၈၆၀
၁၆၃။	ကျွဲကူး–ကျောက်ဖျာတံတား (မြိတ်မြို့)	၃၆၀၀
၁၆၄။	စနဲပေါက်တံတား (အမ်းမြို့)	၇၈၉
၁၆၅။	ရေးမြစ်ကူးတံတား (ရေးမြို့)	၈၅၇

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃-၁-၂၀၀၄ မှ ၁၁-၁-၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

ကိုယ်တွေ့ဝိပဿနာ ရှုပွားနည်းပို့ချမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းရွှေ(ဒလ–အုံ့ကြီး)က ဇန်နဝါရီ ၁ရက်မှ ၇ ရက်အထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင် ညနေ ၆ နာရီမှ ၇ နာရီခွဲထိ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရ ရဟန္တာ သိမ်ဖြူတော်တွင် ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် နိုင်ငံသားတိုင်းအဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို လွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန်၊ နိုင်ငံတကာအဆင့်မီ နိုင်ငံတကာအသိအမှတ်ပြု Diplomaအောင်လက်မှတ်များရရှိစေရန်၊ နိုင်ငံတကာတက္ကသိုလ်ကြီးများ၌ ဆက်လက်သင်ကြားနိုင်ရန် ရည်ရွယ်လျက် Thames Management Centre, Yangon (Myanmar) ၌ စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ၎င်းသင်တန်းများကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများမှစ၍ စီမံခန့်ခွဲလုပ်ကိုင်နေသူများအားလုံး တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက University of Cambridge Local Examinations Syndicate မှ Diploma အောင်လက်မှတ်များနှင့် ဘာသာရပ် တစ်ခုချင်းအတွက် Certificate Achievement များ ရရှိမှာဖြစ်သည်။

Diploma in Business Administrationသင်တန်း တန်းခွဲသစ်များကို ဇန်နဝါရီလအတွင်း ဖွင့်လှစ်မှာဖြစ်ပြီး စိတ်ပါဝင်စားသူများအားလုံးသည် အမှတ်၂၂၀/၂၂၂ ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန် ဖုန်း–၂၉၆၈၂၉၊ ၂၀၀၃၄၃၊ ၂၀၃၁၈၈တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဝံသာနုသတင်းလွှာ အတွဲ (၁၂)၊ အမှတ် (၂၆) ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၈



မြန်မာ–ပြင်သစ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့များ ပုံတောင်ဒေသတွင် ကွင်းဆင်းလေ့လာနေသော သတင်းပုံရိပ် မျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၂)၊ အမှတ်(၂၆)ကို ထုတ်ဝေထားသည်။ **(ယာပုံ)**

ဝံသာနု သတင်းလွှာတွင် ထိုင်းနှင့် အမေရိကန်နိုင်ငံတို့တွင် မြန်မာ့ဆိုင်းပညာ လက်စွမ်းပြခဲ့သော မြန်မာ့ဆိုင်းပညာရှင်များ၊ သွင်းကုန်ကြေညာလွှာနှင့် ကွဲလွဲသယ်ဆောင်လာသော ကုန်သေတ္တာတွင်းပစ္စည်းများအား ခေတ်မီဓာတ်ရောင်ခြည်သုံး စက်ကိရိယာဖြင့် ရှာဖွေဖမ်းဆီး၊ မြစ်ကြောင်းအတွင်း သဲစုပ်နေသော စက်လှေများ၊ လသာမြို့နယ် ၁၇လမ်းထိပ်မှ ဟိုတယ်တစ်ခုပေါ်မှာ၊ ရန်ပြေစက်လှေပေါ်မှ တရားမဝင် လောင်စာဆီများ စသော ပြည်တွင်းသတင်းများနှင့် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အပေါ် ပဲ့တင်ရိုက်ခတ်သံများ၊ လိုင်ဘေးရီးယားမှ ငြိမ်းချမ်းရေးရောင်ခြည်၊ အကြမ်းဖက်သမားတို့၏ အရှင်သခင် စီအိုင်အေ၊ ကမ္ဘာအနှံ့ပျံ့နှံ့လာသော လူမှောင်ခိုကူးမှုအန္တရာယ်၊ အကြမ်းဖက်အန္တရာယ်ကို ကာကွယ်ရန် လေ့ကျင့်နေသော ဗြိတိန်နိုင်ငံ၏ လှုပ်ရှားမှုများ၊ ပြည်မမှ ဆွေမျိုးများနှင့် စည်ကားနေသော ဟောင်ကောင်တို့အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

ထားဝယ်အသင်း နှစ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ထားဝယ်အသင်းနှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အလုံမြို့နယ် အလုံလမ်းရှိ ဇမ္ဗူရတနာပါဠိတက္ကသိုလ် (ထားဝယ်ဘုန်းကြီးကျောင်း)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ ထားဝယ်သူ ထားဝယ်သားများနှင့်မိတ်ဆွေအသင်းအဖွဲ့များလာရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ အသင်းတိုက်နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့) နံနက် ၉နာရီတွင် အမှတ် (၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် "နှလုံးနှင့်သွေးကြောဆိုင်ရာ ခေတ်သစ်ကုထုံး" (Symposium on Cardiovascular Updates) အကြောင်းကို ပါမောက္ခဦးခင်မောင်အေးနှင့် ပါမောက္ခဦးနေဝင်းတို့က ဟောပြောပို့ချကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဒီဇင်ဘာ ၂၆ ရက်တွင် မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာ၌ကျင်းပသည့် ယောင်ခကျေးရွာ (၁၆)ခုတင်ဆံ့ဆေးရုံဖွင့်ပွဲ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာ-ထိုင်းမူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာစီမံကိန်း(၁၆)ခုတင်ဆံ့ဆေးရုံသစ်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာ-ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာစီမံကိန်းမှ ဆောက်လုပ်ပြီးစီးခဲ့သည့် (၁၆)ခုတင်ဆံ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး Picharnmeth Muangmanee တို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်တို့မှ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချမ်း၊ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၂၀၀၀ ကျော်တက်ရောက်ကြသည်။

ဖွင့်လှစ်သင်ကြားပေးခဲ့

အစီအစဉ်အရ ယောင်ခကျေးရွာစီမံကိန်း တာဝန်ခံ ဗိုလ်မှူးကြီးစန်းပွင့်က ယောင်ခကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ၌ ဤစီမံကိန်းသည် ၂၀၀၁ ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးခဲ့ရာမှ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ထိုင်းနိုင်ငံသုံးငွေ ဘတ်သန်း ၂၀ ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလည်းဖြစ်ကြောင်း။

၂၀၀၁-၂၀၀၂ ခုနှစ်များတွင် နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးသဘောတူညီချက်အရ တာချီလိတ်မြို့ အနောက်ဘက် မိုင် ၃၀ အကွာ ယောင်ခကျေးရွာ အုပ်စုကို စီမံကိန်းနယ်မြေအဖြစ် ရွေးချယ်ခဲ့ကြောင်း၊ ယောင်ခကျေးရွာတစ်ရွာတည်းသာမကဘဲ ကျေးရွာပေါင်း ၁၃ ရွာ ပါဝင်သည့် ယောင်ခကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ဒေသတွင် နေထိုင်ကြသည့် ဒေသခံ တိုင်းရင်းသားအားလုံးကို အကျိုးပြုသည့် စီမံကိန်းဖြစ်ကြောင်း။

စီမံကိန်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဘက်စုံဖွံ့ဖြိုးရေးအဖြစ် အကောင်အထည်ဖော်ခဲ့ရာ ပညာရေးကဏ္ဍတွင် ကျောင်းသား ၅၀၀ ဆံ့ အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းကို ၂၀၀၃ ခုနှစ် မေလတွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ဇွန်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမ ၁၀ ဦးဖြင့် ကျောင်းသားကျောင်းသူ ၂၂၂ ယောက်တို့အား စတင် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ (၁၆) ခုတင်ဆံ့ ဆေးရုံနှင့် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းနေအိမ်ခန်းများကို ဆောက်လုပ်ပေးခဲ့ရာ စက်တင်ဘာလတွင် ပြီးစီးခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမလေးဦးတို့ဖြင့် ဒေသခံ တိုင်းရင်းသားများအား ဆေးဝါးကုသ ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ပြုလုပ်ပေးခဲ့ကြောင်း။

တင်ပို့ရောင်းချရန်စီစဉ်ထား

စိုက်ပျိုးရေးကဏ္ဍတွင် ဘိန်းအစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ပြီး ကုန်းမြင့်လယ်မြေ ဧက ၁၃၀၀ နှင့် လယ်မြေ ဧက ၉၀၀ စုစုပေါင်း ဧက ၂၂၀၀ ကျော် စပါးစိုက်ပျိုးလျက်ရှိရာ သီးထပ် သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် အသေးစားတမံများ ဆောက်လုပ်ရန် စီစဉ်ခဲ့ကြောင်း၊ ယခုအခါ အသေးစား တမံခြောက်ခုနှင့် ရေသွယ်မြောင်း ကီလိုမီတာ ၂၀ ကို ကျေးရွာနေ ပြည်သူများနှင့် ပူးပေါင်းဆောက်လုပ်ခဲ့ပြီး လယ်မြေဧက ၈၄၀ ကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သဖြင့် ဝမ်းစာဖူလုံသည့်အပြင် ဆန်တန် ၂၀၀၀ ကျော်ခန့် ပိုလျှံခဲ့ကြောင်း၊ စံပြစိုက်ပျိုးရေး ပညာပေးစခန်းအဖြစ် ရာသီသီးနှံ၊ နှစ်တိုနှစ်ရှည်သီးနှံများ စိုက်ပျိုး၍ ကျေးရွာလူထုအား စိုက်ပျိုးရေးပညာပေးကာ ပြောင်း၊ ပဲပုပ်၊ ဝါးမျှစ်ချို၊ မက္ကဒေးမီးယား စသည့် ပျိုးပင်များဖြန့်ဝေစိုက်ပျိုးစေခဲ့ကြောင်း၊ စီမံကိန်းဒေသမှထွက်ရှိသည့် ဘိန်းအစားထိုးသီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်လည်း စီစဉ်ထားကြောင်း။

မွေးမြူရေးကဏ္ဍတွင် ငါးကန်များ တူးဖော်၍ ငါးရှူ၊ တီလားဗီးယား စသည့် ငါးများမွေးမြူခြင်း၊ ဒေသနှင့် ကိုက်ညီသော ဥစားကြက်၊ အသားစားကြက်၊ ဝက်များ မွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများအား ဖြန့်ဝေမွေးမြူရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယောင်ခကျေးရွာစီမံကိန်းကို ထိုင်းနိုင်ငံဘက်မှ တာဝန်ခံအဖြစ် ပူးပေါင်းဆောင်ရွက်နေသည့် ချင်းရိုင်ခရိုင် လွယ်တုံးစီမံကိန်း အမှုဆောင် အရာရှိချုပ် Mr. Disnadda Diskul က ယောင်ခစီမံကိန်းနှင့် ပတ်သက်၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

သီးနှံမျိုးစေ့များပေးအပ်

ထို့နောက် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချမ်းက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး Picharnmeth Muangmanee တို့အား ဒေသထွက်သစ်သီးခြင်းများ လက်ဆောင်အဖြစ် ပေးအပ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဒေသခံပြည်သူများအတွက် သီးနှံမျိုးစေ့များကို ဦးပေါက်ယူချမ်းထံသို့ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဧည့်သည်တော်များသည် ကျောင်းဝင်းအတွင်းရှိ ပညာပေးစိုက်ပျိုးမွေးမြူထားရှိမှုနှင့် ဒေသထွက်သီးနှံခင်းကျင်းပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စံပြမွေးမြူရေး၊ စိုက်ပျိုးရေး ပညာပေး ပြသထားရှိမှုများကိုလည်း ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

* သမဝါယမမှ

သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးဖော်ဆောင်မှုနှင့်အညီ သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေးနှင့် ရောင်းအားမြှင့်တင်ရေးအတွက် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်။

သမဝါယမထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးမှာ သမဝါယမအသင်းများအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို ပြည်နယ်/တိုင်းအသီးသီးတွင် (၁၇)ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။

ရောင်းရငွေ

ရန်ကုန်မြို့ သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)တွင် ကျင်းပပြုလုပ်သော သမဝါယမ ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၃ ၌ နိုင်ငံပိုင်၊သမဝါယမပိုင်နှင့် ပုဂ္ဂလိကဈေးဆိုင်ခန်းပေါင်း ၁၉၉ ခန်း ဖွင့်လှစ်ပြသရောင်းချခဲ့ပြီး ကုန်ပစ္စည်းများလက်ငင်း ရောင်းရငွေကျပ် ၁၀၁ ဒသမ ၂၅ သန်း၊ စာချုပ်ချုပ် ရောင်းချမှုတန်ဖိုး ကျပ် ၁၂၀ ဒသမ ၆ သန်းနှင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၇ သိန်း ရရှိခဲ့ကြောင်း သိရသည်။

ယနေ့မြန်မာနိုင်ငံတွင် သမဝါယမအခန်းကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးနယ်ပယ်အသီးသီး၌ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေး

နိုင်ငံတော်စီးပွားရေး၏ အခြေခံအကျဆုံးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင်လည်းကောင်း၊ စားသောက်ကုန်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်း အပါအဝင် မော်တော်ကား ထုတ်လုပ်ခြင်းနှင့် ကျေးလက်ရေရရှိရေး၊ ကျေးလက် လျှပ်စစ်မီးရရှိရေးကဏ္ဍများထိ သမဝါယမလုပ်ငန်းများသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

သမဝါယမစိုက်ပျိုးရေးကဏ္ဍတွင် စပါး၊မြေပဲ၊နှမ်း၊ ပဲတီစိမ်း၊ပဲစင်းငုံ၊မတ်ပဲ၊ရွှေတ်ကြီ စသည့် အရေးကြီးသီးနှံများကို စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ဥယျာဉ်ခြံမြေများတွင် ကော်ဖီ၊ ရွှေတ်ကောင်း၊ တည်း၊ ပန်းသီး၊ လိမ္မော်၊ သရက်နှင့် လက်ဖက်တို့ကို စိုက်ပျိုးထုတ်လုပ်ခဲ့သည်။

မွေးမြူရေးကဏ္ဍတွင်လည်း ဆိတ်၊ဝက်၊ကြက်၊ ဘဲ၊ နွားမွေးမြူထုတ်လုပ်ခြင်းနှင့် ရေချိုရေငန် ငါး၊ ပုစွန်လုပ်ငန်းများကို မြို့နယ် ၆၄ မြို့နယ်တွင် မွေးမြူရေးကန်များဖြင့် စနစ်တကျမွေးမြူဆောင်ရွက်လျက်ရှိသည်။

သတ္တုကဏ္ဍတွင်လည်း မြေဖြူ၊ကြွေကျောက်၊သတ္တု(ရောရာ)၊ ဂေါ်ဒန်ကျောက်၊ ဂဝံကျောက်၊ မြစ်ကျောက်စရစ်၊ လမ်းခင်းကျောက်များ ထုတ်လုပ်နိုင်ခဲ့သည့်ပြင် အဖိုးတန် မြန်မာ့ကျောက်မျက်ရတနာများကိုလည်း ဖော်ထုတ်ပြသရောင်းချနိုင်ခဲ့သည်။

ဦးစားပေး

သမဝါယမ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများစွာရှိသည့်အနက် ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်သော စားသုံးဆီထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။ စက်မှုလက်မှုကဏ္ဍအနေနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် စပါးခြွေလှေ့စက်၊စပါးခြွေစက်၊ ရေစုပ်ပန့်၊ မျိုးစေ့ချကိရိယာ၊ ပေါင်းသင်ကိရိယာ၊ အနိမ့်ရေတင်စက်၊ သဘာဝမြေဩဇာ၊ ကျောက်ပြား၊ ကြွေသီးစုံ၊ မီးခံအုတ်၊ မျက်မှန်၊ပလတ်စတစ်ပိုက်၊သကြားလုံး၊ သကြား၊ နို့ဆီ၊ ဆပ်ပြာမှုန့်၊ စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်စက်များ ထုတ်လုပ်လျက်ရှိသည်။

သမဝါယမ ထုတ်ကုန်ပစ္စည်းများသည် အမျိုးအမည်နာမများစွာရှိသည်။ ယခုကျင်းပပြုလုပ်သည့် သမဝါယမ ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄ တွင် သမဝါယမ ထုတ်ကုန်ပစ္စည်းများနှင့် ပုဂ္ဂလိကထုတ်ကုန် ရောင်းကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တိုင်းနှင့်ပြည်နယ်အသီးသီးရှိ သမဝါယမများကလည်း မိမိတို့ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို လာရောက်ပါဝင်ပြသမည်ဖြစ်သဖြင့် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်၂၀၀၄ သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထွက်ကုန်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် တွေ့မြင်ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ယင်းထွက်ကုန်များနှင့်ပတ်သက်၍ ရှင်းလင်းပြသပြောဆိုနိုင်ရန်လည်း စီစဉ်ထားပေသည်။ ထို့အပြင် ကုန်စည်ဖလှယ်ခြင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခု သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ တွင် ထူးခြားမှုတစ်ခုရှိသည်။ ယင်းမှာ အခြားမဟုတ်ပါ။ မြန်မာ့သမဝါယမနှစ်(၁၀၀)ပြည့် အကြိုလှုပ်ရှားမှု အခန်းကဏ္ဍဖြစ်ပါသည်။

မြန်မာနိုင်ငံသမဝါယမဖြစ်ပေါ်တိုးတက်မှုကို ကြည့်မည်ဆိုလျှင် မြန်မာ့သမဝါယမ၏အစသည် စစ်ကိုင်းခရိုင် မြင်းမူသမဝါယမ ငွေစုငွေချေးအသင်းက စတင်ခဲ့ကြောင်း တွေ့ရသည်။

နှစ် ၁၀၀ ပြည့်

စစ်ကိုင်းခရိုင် မြင်းမူသမဝါယမငွေစုငွေချေးအသင်းကို ၁၉၀၅ ခု ဇန်နဝါရီ၃ ရက်နေ့တွင် စတင်မှတ်ပုံတင်ဖွဲ့စည်းခဲ့ကြောင်းတွေ့ရသဖြင့် ၂၀၀၅ ခုနှစ်တွင် မြန်မာ့သမဝါယမ နှစ်(၁၀၀)ပြည့်တော့မည်။

သို့အတွက် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ တွင် မြန်မာ့သမဝါယမနှစ်(၁၀၀)ပြည့် အကြိုခင်းကျင်းပြသခြင်း အစီအစဉ်တစ်ခုကို စီစဉ်ဆောင်ရွက်ထားသည်။

မြန်မာ့သမဝါယမ ရာပြည့်အကြိုပြခန်းကို ဆရာစံပလာဇာ အဆောက်အအုံ(ဘီ)ဆောင်(ပထမထပ်)တွင် ပြသထားမည်ဖြစ်ပြီး ခေတ်အဆက်ဆက်သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်ဟောင်းစာအုပ်များ၊ဥပဒေများ၊အမှတ်တံဆိပ်များ၊ အစုလက်မှတ်များ၊ အလံများ၊ သမဝါယမလေ့ကျင့်ပညာပေးရေးသမိုင်း၊ လူထုပညာပေးရေးလုပ်ငန်းများ၊ နှစ်(၅၀)အထက် ဘိုးသက်ရှည်သမဝါယမအသင်းများ၏ သမိုင်း၊ (ICA)နှင့် မြန်မာ့သမဝါယမ ဆက်သွယ်ဆောင်ရွက်မှုမှတ်တမ်း၊ ခေတ်အဆက်ဆက် စီမံကိန်းများအကြောင်း၊ မြန်မာ့သမဝါယမ အစ ပြကွက်များ၊ (Micro Finance) မှုလအစပြကွက်များ ခင်းကျင်းပြသထားမည်ဖြစ်သည်။

ပါဝင်ပြသမည်

ဤသို့ဖြင့် သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ တွင် ပြခန်းပေါင်း ၁၂၀၊ ပြခန်းကြီးလေးခုနှင့် အရောင်းဌာန ၆၄ ခု ပါဝင်ပြီး နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်း ကုမ္ပဏီအများအပြား ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၂၆ရက်က ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာစီမံကိန်း (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်ဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၀၃ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်စနာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီးဒေါ်ခင်လှလှတို့ တက်ရောက်အားပေးပြီး ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက ရဲချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက် အလေးပြုကာ အားကစားပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး၏ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီးတံခွန်စိုက်ဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်း ရဲတပ်ဖွဲ့ အသင်း နှင့် အမျိုးသား အမျိုးသမီးတံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းတို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၆ရက်က ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒိုင်းဆု ချီးမြှင့်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော မန္တလေးတိုင်း ရဲတပ်ဖွဲ့ အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

(၁၈၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဇန်နဝါရီ ၁ ရက်တွင် တစ်ရက်တည်းအပြီးဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

(၁၈၀)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန် ထီ(၁၈၀)ကြိမ်မြောက်တွင် အက္ခရာ (၃၆)လုံး၊ ထီစာအုပ် (၂၉၅၅၄၈)အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ဆု တစ်ဆု၊ ငွေကျပ်သိန်း ၅၀ဆု ၂၉ဆု၊ ငွေကျပ် ၂၅သိန်းဆု ၁၂ဆု၊ ငွေကျပ် ၆သိန်းဆု ၆၆၅ဆု၊ ငွေကျပ် ၅ သိန်းဆု နှစ်ဆု၊ ငွေကျပ် ၄ သိန်းဆု လေးဆု၊ ငွေကျပ် ၂သိန်းဆု ၁၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်းဆု ၄၆ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၃၃ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ ဆုစုစုပေါင်း ၂၀၁၁၂ဆု ဖြစ်သည်။ ယခု (၁၈၀)ကြိမ်မြောက် ငွေကျပ် ၅၀တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၈ရက်ရက်မှစ၍လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပြီး ဆုငွေကျပ် ၅သိန်းနှင့် အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေ သိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သချာအထူးထုတ် စာအုပ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် လေ့ကျင့်ရန် ပုစ္ဆာအသစ်ဆန်းများပါဝင်သော သချာအထူးထုတ်စာအုပ် **(ယာပုံ)**ကို ဆရာဦးမောင်မောင်တီ(သချာ) အမှတ် ၂၈၄ ဗညားဒလလမ်းမကြီး ကျောက်မြောင်း

တာမွေမြို့နယ် ဖုန်း-၂၀၁၉၃၅က ဖြန့်ချိလိုက်ကြောင်းသိရသည်။**(က-ပ)**

ဆုချီးမြှင့်

ရွှေပြည်သာ အမက(၃၉) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစောမြတ်လှိုင်က ဘက်စုံပထမဆုရ ဒုတိယတန်းမှ မောင်ဖွဲ့ရာဇာဖြိုးအား ဆုချီးမြှင့်စဉ်။

(ဝ၄၆)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်

ရန်ကုန် ဒီဇင်ဘာ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၃ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း-

အရှေ့တောင်တိုင်း

အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁) ရင်း(၁) ခွဲ(၁)မှ တပ်သား စောဒုံနီ၊ စောဘိုးနာနှင့် နယ်ကျော်တို့သည် လည်းကောင်း၊ ရင်း(၂)မှ ကျေးနယ်မှူး ထီးမယ်(ခ)ဦးမောင်ပန်သည် လည်းကောင်း၊ ရင်း(၂) ခွဲ(၁)မှ တပ်သား မိုးလွတ် သည်အမ်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၄ တောင့်တို့ဖြင့်လည်းကောင်း၊ ဘားအံမြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် စောတင့်တယ်(ခ) ဖားသဲခီသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်ခြောက်ခု၊ ၎င်းကျည်တောင့် ၁၂၀ ဖြင့်လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ်တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၇)မှ တပ်သား ဝင်းနိုင်သည်လည်းကောင်း၊ မွန်ခွဲထွက်တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်စိတ်မှူး အဆင့်ရှိ မျိုးလွင်သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၄၀ တို့ဖြင့်လည်းကောင်း။

တြိဂံဒေသတိုင်း

တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား အင်ရွှင်သည်လည်းကောင်း။

အရှေ့ပိုင်းတိုင်း

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ (၇၅၈) ရင်း(၁၅၄)မှ တပ်သား စိုင်းလူနှင့် လှအောင်တို့သည်လည်းကောင်း၊ ကေအင်န်ပီပီ တောတွင်း လက်နက်ကိုင် အဖွဲ့မှ အုပ်ချုပ်ရေးမှူး အဆင့်ရှိ စိုးမိုး(ခ)ဘိုကြီးသည်လည်းကောင်း။

တောင်ပိုင်းတိုင်း

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂) ရင်း(၅)ဌာနချုပ်မှတပ်ကြပ်အဆင့်ရှိ စောမာလေထူးသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၇ တောင့်တို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၃)တပ်ရင်း (၈) ခွဲ(၁)မှ တပ်သားစောအယ်ကေ(ခ)မြင့်သိန်းသည် လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်း

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း (၁၁)၊ ခွဲ(၃)မှ အမာခံမောင်ဇော်(ခ)စောမဲတူးသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်တောင့် ၂၀၊ တပ်မဟာ (၄)တိုက်ခိုက်ရေးတပ်ခွဲမှ တပ်ကြပ်အဆင့်ရှိ စောဂေါဖီးသည်လည်းကောင်း၊ ဒုဗိုလ်အဆင့်ရှိ ရဲလှ၊ တပ်ကြပ်ကြီးအဆင့်ရှိ တာပွဲပွဲနှင့် ဖဒိုချစ်အောင်(ခ)လှဘောတို့သည် ပစ္စတိုတစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ အမ်-၇၉ လောင်ချာ တစ်လက်၊ ကျည်အိမ်မျိုးစုံ လေးခု၊ ကျည်မျိုးစုံ ၃၅တောင့်၊ မုံးသီး ငါးလုံး၊ လက်ပစ်ဗုံး တစ်လုံး၊ နင်းမိုင်း သုံးလုံးတို့ဖြင့်လည်းကောင်း၊ တပ်သား တာပေါကွားသည် လည်းကောင်း၊ ရင်း(၁၁) ခွဲ(၃)မှတပ်သား စောယူနှင့်စောပလိတ်တို့သည် ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်နှစ်တောင့်တို့ဖြင့် လည်းကောင်း၊ ခေါတခါးအုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောဂါလီးယားသည် ပွိုင့်-၃၈ ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည် ရှစ်တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၁၀) ခွဲ(၃)မှ တပ်သား စောလှဘော်သည် အမ်-၁ ပစ္စတို တစ်လက်၊ ပွိုင့်-၃၈ခြောက်လုံးပြူး တစ်လက်၊ ကျည်မျိုးစုံ ၆၃တောင့်ဖြင့်လည်းကောင်း၊ တပ်စုမှူးအဆင့်ရှိ ကိုစိန်နှင့်တပ်သားမောင်ကျော်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၂ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့ဖြင့်လည်းကောင်း၊ ဒီအိုရင်း(၇)၊ ခွဲ(၁)မှ တပ်သားစောဇက်လေးသည်လည်းကောင်း၊ တပ်မဟာ (၄)၊ ရင်း(၂၀၃)မှ တပ်သားလိုပိုး(ခ) အေးငယ်နှင့် တပ်သား စောချစ်သွေးတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ခုနစ်တောင့်၊ အမ်အေ-၁ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၅ တောင့်တို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လှိုက်လှဲစွာကြိုဆို

အဆိုပါရက်များအတွင်းလက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၂၉ဦးအား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

သတ္တုတွင်းဝန်ကြီးဌာန၏ သတ္တုသယံဇာတများ တိုးတက်ထုတ်လုပ်မှု

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ဓာတ်သတ္တု သယံဇာတပစ္စည်းများအား နိုင်ငံတော်တည်ဆောက်ရေးနှင့်စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေးတွင် ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကများနှင့် ဖက်စပ်လုပ်ကိုင်မှုများကို ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံရှိ ရေမြေအတွင်း သတ္တုနှင့် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများကို ရေရှည်အကျိုးရှိစွာ ထုတ်လုပ်အသုံးချနိုင်ရေးအတွက် သတ္တုတွင်း ဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့နှင့်အညီ စီမံခန့်ခွဲ ထိန်းသိမ်း ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

၁၉၈၈ မှ ၂၀၀၃ ခုနှစ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် ဓာတ်သတ္တုများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈ ခုနှစ်	၂၀၀၃ ခုနှစ်
၁။	သံနှင့်သံမဏိ	မက်ထရစ်တန်	၇၈၄၀	၈၆၂၆
၂။	ကျောက်မီးသွေး	တန်	၂၉၇၈၀	၅၅၀၂၇၈
၃။	ကက်သုတ်ကြေးနီ	မက်ထရစ်တန်	–	၂၇၁၇၃
၄။	ကျောက်စိမ်း	ကီလိုဂရမ် ထောင်ပေါင်း	၁၃၂	၁၀၈၄၉
၅။	ကျောက်မျက်	ကရက် ထောင်ပေါင်း	၁၇၀	၅၄၄၆၀
၆။	ပုလဲ	လုံး (မိုမိ)	၁၅၂၇၅ (၇၃၃၅)	၁၁၇၈၅၂ (၃၉၃၁၈)
၇။	ထုံးကျောက်	တန်	၆၅၈၆၂	၁၂၈၁၅၀
၈။	ဂေါ်ဒန်	တန်	၃၀၁၄၃	၉၀၀၀၂

အမှတ်(၁) ကြေးနီသတ္တုတွင်း

ဆားလင်းကြီးမြို့နယ်ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)ကြေးနီသတ္တုတွင်းလုပ်ငန်းခွင်၌ ကြေးနီသတ္တုရိုင်း ကုန်ကြမ်းများ တူးဖော်စုဆောင်းထားမှုကို ဝေဟင်မှ မြင်တွေ့ရစဉ်။ (ယာပုံ)

အမှတ်(၁) ကြေးနီသတ္တုတွင်း လုပ်ငန်းခွင်၌ ကြေးနီသတ္တုရိုင်း ကုန်ကြမ်းများ တူးဖော် စုဆောင်းထားပြီး သတ္တုသန့်စင်ရန် သတ္တုရိုင်းများကို ကြိတ်ခွဲလျက်ရှိသည်။

ကျောက်မီးသွေးသိုက်ကြီး

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ပန်မုံးမား ဒေသတွင်တွေ့ရှိရသော ကျောက်မီးသွေးသိုက်ကြီး။ (ဝဲပုံ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ထုတ်လုပ်ဆဲ ကျောက်မီးသွေးတွင်းများ၊ ထပ်မံ၍ ဖော်ထုတ်ရရှိသော ကျောက်မီးသွေးတွင်း သစ်များနှင့် စမ်းသပ်တူးဖော် ထွက်ရှိသည့် ကျောက်မီးသွေးများသည် အရည်အသွေး ကောင်းမွန်ကြောင်း သိရသည်။

ကျောဖုံးမှ

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းက ပထမတံခွန်စိုက် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ ဒုတိယဆုကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကလည်းကောင်း၊တတိယဆုကို အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းကလည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကလည်းကောင်း ရရှိသည်။

ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုများကို ချီးမြှင့်ခဲ့ရာ အကောင်းဆုံး ဂိုးသမားဆုကို တပ်မတော်(လေ)အသင်းမှ ကိုကိုအောင်၊ အကောင်းဆုံး နောက်တန်းဆုကို ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းမှ အောင်ဇော်လတ်၊ အကောင်းဆုံး အလယ်တန်းဆုကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းမှ ဝင်းဇော်ထိုက်၊ အကောင်းဆုံး ရှေ့တန်းဆုကို ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းမှ သက်နိုင်ထွန်း(၂)၊အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ သီဟလွင်တို့ကရရှိကြသည်။

(၄၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ ကျင်းပခဲ့သည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်များကို နမခဇုန်(မုံရွာ)၌ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပထမအဆင့်အုပ်စုတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်း၊ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့နှင့်အတူ တစ်အုပ်စုတည်းကျခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ (၁၀)မှတ်ဖြင့် အုပ်စုပထမရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းသည် ဒုတိယအဆင့်တွင် (ကက) အုပ်စု၌ပါဝင်ပြီး တပ်မတော်(လေ) အသင်း၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်း၊ အမှတ်(၇၇)ခြေမြန်တပ်မ ဌာနချုပ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် အသင်းကိုခုနစ်ဂိုး-ဂိုးမရှိ၊ တပ်မတော်(လေ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ (၁၀)မှတ်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် ပထမအဆင့်အုပ်စု၌ သရေကျခဲ့သော အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ပြန်လည်ဆုံတွေ့ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့သည်။ ဗိုလ်လုပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းသည် ၂၀၀၂ခုနှစ် (၄၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့ရာ နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုဖလားရရှိသွားခြင်းလည်းဖြစ်သည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဗိုလ်ကြီးဝင်းမြင့်အောင်၊ မန်နေဂျာအဖြစ် ဗိုလ်ကြီးသန်းအောင်(ငြိမ်း)၊ နည်းပြအဖြစ် ဒုအရာခံဗိုလ်အေးကြူကြီးနှင့် တပ်ကြပ်ကြီး ဇော်လေးအောင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။ အားကစားသမားများအဖြစ် (ဂိုး)ဇော်ဝင်းဆန်း၊ တင်မိုးထွန်း၊ (နောက်တန်း) မြတ်သူ၊ ခင်မောင်စိုး၊သီဟလွင်၊အောင်ဇော်လတ်၊ ဒါဆွမ်းမှုံ၊ (အလယ်တန်း)မောင်တင့်၊ အောင်နိုင်ဝင်း၊ မိုးကျော်ထွေး၊ လွင်မောင်မောင်မျိုး၊ ညိုဝင်း၊ ခင်မောင်ဦး၊ထိန်ဝင်းအောင်၊(ရှေ့တန်း) သက်နိုင်ထွန်း(၁)၊ ကျော်မြင့်သိန်း၊ တင်နိုင်ထွေး၊ မျိုးအောင်၊ ဇော်မိုးနှင့် သက်နိုင်ထွန်း(၂)တို့ ပါဝင်ကြသည်။ အားကစားသမား ၂၀ ဦး ပါဝင်သည့်အနက် လူဟောင်း၁၀ဦးနှင့် လူသစ် ၁၀ ဦး ပေါင်းစပ်ဖွဲ့စည်းထားသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ၁၀ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှစ်ပွဲအနိုင်ရပြီး နှစ်ပွဲသာ သရေကျခဲ့သည်။ စုစုပေါင်း ၁၀ ပွဲတွင် ၄၃ ဂိုးသွင်းပြီး ခြောက်ဂိုးသာ အသွင်းခံခဲ့ရသည်။ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းမှ အောင်ဇော်လတ်က အကောင်းဆုံး နောက်တန်းဆု၊ သက်နိုင်ထွန်း(၂)က အကောင်းဆုံး ရှေ့တန်းဆု၊ သီဟလွင်က အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့ကြသည်။

အကောင်းဆုံး ဘောလုံးသမားဆု ရရှိသော နောက်တန်းလူ သီဟလွင်သည် ၂၀၀၃ ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁) နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ပါဝင်ခဲ့ရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး နောက်တန်းဆုနှင့် အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့သည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းသည် ပွဲစဉ်တစ်လျှောက် ခြေစွမ်းပြကစားပြီး ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းသည် တပ်မတော် (ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲများ၌ အောင်မြင်မှုအရှိဆုံး အသင်းဟူသော ဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။၂၀၀၃ ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁) နှစ်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် လည်း ရန်ကုန်တိုင်းစစ်ဌာနချုပ် (လူငယ်) အသင်းက ချန်ပီယံဆုဖလား ရရှိခဲ့ရာ ယခုအောင်မြင်မှုသည် နှစ်ထပ်ကွမ်း အောင်မြင်မှုဟု ဆိုရမည်ဖြစ်ပေသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်ရှင်လုပ်ငန်း

၂၀၀၂-ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲ

ကျင်းပမည့်နေရာ

အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

ကျင်းပမည့်နေ့ရက်

၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန်

ညနေ (၅:၃၀)နာရီ

လက်မှတ်ရောင်းချမည့်နေရာများ ၁။ဘုရင့်ရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၂။တပင်ရွှေထီးရုပ်ရှင်ရုံ ပြည်လမ်း ၃။အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

လက်မှတ်စတင်ရောင်းချမည့်ရက် ၂၉-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

လက်မှတ်ရောင်းချမည့်အချိန် နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၃:၀၀)နာရီ

ဝင်ကြေးနှုန်း ကျပ် ၂၀၀၀၊ ၁၀၀၀၊ ၁၅၀၀၊ ၁၀၀၀

VeVe က ပံ့ပိုး ကူညီသည်။

အထူးသတိပေးချက်။ လက်မှတ်အတုများ ပေါ်ပေါက်နိုင်မှုကြောင့် အထက်ပါ သတ်မှတ်နေရာများတွင် ဝယ်ယူသော လက်မှတ်များမှလွဲ၍ အခြားမြင်ပတွင် ဝယ်ယူသော လက်မှတ်များအတွက် တာဝန်မယူပါ။

၂၀၀၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ဒသမအကြိမ် ဝူရှူးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၄ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အားကစားရုံတွင်ကျင်းပရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ မျိုးဆက်သစ်လက်ရွေးစင် အားကစားသမားတစ်ဦး ဝူရှူးစွမ်းရည်ပြသစဉ်။ (က-ပ)

မွေးနေ့ဆုတောင်း

ရှင်းသန့်အောင် (ခ) Precious ရဲ့ (၁၂)နှစ်မြောက်မွေးနေ့မှသည် နှစ်(၁၂၀)တိုင် လိုအင်ဆန္ဒတိုင်းပြည့်ဝပြီး နိုင်ငံအပေါ်ကျေးဇူးဆပ်နိုင်သော သားကောင်းဖြစ်ပါစေ။

မမ - အင်ကြင်း၊ ယွန်းယွန်း၊
ညီလေး - သန့်ထက်အောင်၊ အေးချမ်းစိုး၊ ကျော်စိုးဟန်၊ သွင်ထူးအောင်၊ ညီမင်းထွန်း၊ ပိုင်ခိုင်စိုး။

ထပ်ဆင့်ကျေးဇူးတင်လွှာ

မောင်လှအောင် နှင့် **မသီမှ့်သရဖူဆွေ** တို့၏ (၂၇-၁၂-၂၀၀၃) ရက်နေ့တွင် Sedona Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် အစစအရာရာ ကူညီပေးခဲ့သော ပန်းအလှပြင်ဆင်သူ နီနီ(ပွိုင့်)အား ကျေးဇူးတင်ရှိပါသည်။

မောင်လှအောင်နှင့် မသီမှ့်သရဖူဆွေ။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဒီဇင်ဘာ ၂၈

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံရဲစခန်း မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မင်္ဂလာဒုံမြို့နယ် ကြူစမ်းမြို့မ အောင်မင်္ဂလာလမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိရသူ မောင်စူး(ခ) အညာသား(ခ)မြဝင်းအားရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ရုပ်အင်္ကျီနှင့် ဝမ်းဗိုက်အကြားမှ စက္ကူဖြင့် ထုပ်ထားသော ဆေးခြောက် ၁၀၂ ဒသမ ၀၅၆၁ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့နယ် ကြူစမ်းကွက်သစ်ရွာနေ ဦးညိုရင်၏သား မောင်စူး(ခ)အညာသား(ခ)မြဝင်းအား မင်္ဂလာဒုံရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ် ၅/၂၀၀၃၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ နိုဝင်ဘာ ၁၉ ရက်တွင် တရားရုံးက တရားခံမောင်စူး(ခ)အညာသား(ခ)မြဝင်းအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ် ငါးနှစ်၊ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

အလားတူ နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မူးယစ်အထူးအဖွဲ့နှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း ၁၂၀၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိရသူ မမြင့်မြင့်ကြည်အား စစ်ဆေးရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော လက်ကိုင်အိတ်အတွင်းမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ပုဇွန်တောင်မြို့နယ်(၂)ရပ်ကွက် ၅၄ လမ်း အမှတ် ၅၂ နေ ဦးစိုးမြင့်၏သမီး မမြင့်မြင့်ကြည်(ခ) ရှာနာဘီအား မင်္ဂလာတောင်ညွန့်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၂/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် တရားရုံးက တရားခံ မမြင့်မြင့်ကြည်(ခ)ရှာနာဘီအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ဒီဇင်ဘာ၁၄ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၁၆) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၎င်းကျောင်းခန်းမတွင်ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ထူးချွန်ဆုရ မစိုးသော်တာအိမ့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီက ဆုချီးမြှင့်စဉ်။ (က-ပ)



ဒီဇင်ဘာ၅ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မင်းရွာ-ဇီးပင်ကြီးကျေးလက်လမ်း ဖောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ညောင်လေးပင် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်း ညောင်လေးပင်မြို့လုံးဆိုင်ရာ (၇၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၃၁ရက်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ အကြိုတရားပွဲအဖြစ် ဒီဇင်ဘာ ၃၁ ရက်ညတွင် မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဉာဏဒီပဘဒ္ဒန္တဇဋိလ (ရန်ကုန်ဆရာတော်)၊ ဇန်နဝါရီ ၁ရက်ညတွင် အဂ္ဂမဟာအကျော် အရှင်ဝိလာသာလင်္ကာရ (ဖြူးမဟာစည်)၊ ဇန်နဝါရီ ၂ ရက်ညတွင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ(ကျောက်ကုန်း မေဒိနီ)၊ ဇန်နဝါရီ ၃ ရက်ညတွင် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)တို့က တရားတော်များ ဟောကြားမည်ဖြစ်ပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၇ရက်ညများတွင် မြို့ပေါ်ငါးရပ်ကွက်သို့ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဒေသစာရီလှည့်လည်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အမြို့မြို့ အနယ်နယ်သတင်းများ

ပြည်မြို့နယ် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေပေးစနစ်များ ပဲခူးတိုင်း(အနောက်ပိုင်း)ဥက္ကဋ္ဌနှင့်အဖွဲ့ကြည့်ရှုစစ်ဆေး

ပြည် ဒီဇင်ဘာ ၂၄

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၃ ရက်နံနက်က ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု ထန်းပေါက်ကျေးရွာ တောင်သူဦးကြီးဦးသိန်းအေး၏ ရေလျှံတွင်း စက်ရေတွင်းဖြင့် ၂၀၀၃/၂၀၀၄ ခုနှစ် နွေစပါးစိုက်ခင်းများ၊ ရေပေးစနစ်များ၊စက်ရေတွင်း၊ ရေလျှံတွင်းများဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားချက်များ ညှိနှိုင်းပေး

ထိုမှတစ်ဆင့် ပဲခူးတိုင်း(အနောက်ပိုင်း)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ဇီးကုန်းကျေးရွာအုပ်စု နွေစပါးလျှပ်စစ်နှင့် ရေတင်စိုက်ပျိုးရေး ရေအရင်းအမြစ်ဦးစီးဌာနလုပ်ငန်းမှ ရေပေးဝေရေးစီမံဆောင်ရွက်မှုများ၊ ဆည်မြောင်းဦးစီးဌာန၏ ရေပေးမြောင်း၊ ရေသွယ်မြောင်းစနစ်များ၊ ကွင်းဝန်ထမ်းတာဝန်ချထားမှုများ၊ နွေစပါးစိုက်လယ်သမားများ ရေရရှိမှုအခြေအနေနှင့် မြေပြင်ထွန်ယက်မှုလုပ်ငန်းများ၊ တစ်ဧက တင်း၁၀၀ထွက်ရှိရေးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာနှင့်အထွက်ကောင်းမျိုးစိုက်ပျိုးရေးအစီအမံများကို ကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်အဖွဲ့ဝင်များနှင့် နွေစပါးစိုက်ပျိုးမည့် တောင်သူဦးကြီးများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ဖြည့်ဆည်းပေးခဲ့သည်။

မှာကြား

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် ပြည်မြို့နယ် ကြခတ်ကျေးရွာအုပ်စု ဆည်မြောင်းဦးစီးဌာနမှ နွေစပါးဧက ၁၂၀၀ ရေပေးစိုက်ပျိုးနိုင်မည့် ဂမ္ဘီလာရေပေးမြောင်း အကြီးစားပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများ၊ စိုက်ပျိုးရေး ဆည်မြောင်းကွင်း ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စီမံကိန်းလျာထားသည့် နွေစပါးစိုက်ဧကထက် ကျော်လွန်စိုက်ပျိုးရေး တစ်ဧကအထွက်နှုန်းတင်း ၁၀၀ရရှိအောင် စိုက်ပျိုးနိုင်ရန် မျိုးနှင့် နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ (၄၀၃)

ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်

လှည်းကူး ဒီဇင်ဘာ ၂၀

ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို လှည်းကူးမြို့တွင် ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ လှည်းကူးမြို့ မြို့နယ်ခန်းမမှ ကျွန်းကလေး ဆည်မြောင်းအထိ အသွားအပြန် လေးမိုင်ခန့် စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါ လမ်းလျှောက်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

(မြို့နယ်ပြန်/ဆက်)

မုဒုံမြို့နယ် တံခွန်တိုင်ရွာ အထက ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်

မုဒုံ ဒီဇင်ဘာ ၂၃

မုဒုံမြို့နယ် တံခွန်တိုင်ရွာအခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက်နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းမုခ်ဦးကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာကြီး ဦးမျိုးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ကျောင်းသားဟောင်း မုဒုံအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်ပါသိန်းနှင့် တာဝန်ရှိသူတို့က အမှာစကားပြောကြားပြီး ဆရာကျေးဇူးစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် တံခွန်တိုင်ရွာအခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာကြီး ဆရာမကြီး၊ ဆရာ ဆရာမများအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။ (၃၃၀)

နယ်လှည့်စာကြည့်တိုက်ဖွင့်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ခင်ဦး ဒီဇင်ဘာ ၂၀

ခင်ဦးမြို့နယ် သာဝတ္ထိရွာ တွဲဖက်အလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ဓာတ်ပုံပြပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၀ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခင်ကိုကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းငွေတို့က အမှာစကားပြောကြားသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် စာထောက်(၃) ဦးအောင်မင်းက စာကြည့်တိုက်အကြောင်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုးဝေအောင်က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးကျော်တင့်က နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များကို ရှင်းလင်းဟောပြောသည်။

အလားတူ အင်တိုင်းကြီး၊ ပျဉ်ထောင်ရွာ၊ မကျီးအုပ်စု၊ မြင်းကျ၊ ဥစ္စာတွင်းနှင့် စောကြီးရွာများ၌လည်း ဟောပြောပွဲများ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင်အရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို နိုဝင်ဘာ ၂၈ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၃၀-၁၂-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဖောဇ္ဈင်္ဂသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ဂုဏ်ရည်-တက္ကသိုလ်ဝင်းမွန်)
၁၁:၄၅ သုခ၏ ရတနသုတ်ဆွေးနွေးခန်း (အပိုင်း-၂၄)
၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး (အသက် ၃၀ ကျော်လျှင်-ကံချွန်)
၁၂:၂၀ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်းပမာနာဆင်စရာ (အမျိုးချစ်မည့် မျိုးဆက်သစ်ကို မွေးဖွားသူ)
၁၂:၄၅ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုမှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ(မြန်မာ့အသက်သွေးလွတ်လပ်ရေး)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အင္ဂမတန်း-ဘဝတွက်တာ ကျွမ်းကျင်စရာ)

ညနေပိုင်း

၁၆:၂၀ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကျေးလက်ဇာတ်လမ်း (အလှဆုံးပန်း)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ ဆွေးနွေးခန်း (တိုးတက်ဖွံ့ဖြိုးလာသော ဆက်သွယ်ရေးနည်းပညာများ)
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဒီဇင်ဘာအားကစားလ လူတိုင်းပါဝင်လှုပ်ရှားကြ- ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၈:၁၅ ဟောပြောချက် (လွတ်လပ်ရေးကိုချစ်မြတ်နိုးပါ)
၁၈:၄၀ ဆွေးနွေးခန်း(လွတ်လပ်ရေး အတွက် ကလောင်လက်နက်)
၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ
၂၀:၃၀ (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ

ကွင်းဆင်းကြီးကြပ်

ဒီဇင်ဘာ ၁၇ရက်က ဆိပ်ဖြူမြို့နယ် ထန်းပင်ချောင်းကျေးရွာတွင် အဌမအကြိမ် အလှူရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထန်းနိုင်းနှင့် အငယ်တန်းအင်ဂျင်နီယာ မြို့ပြ-၂ ဦးမြတ်သူတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

Ring The Bell In
တဲ့ "Happy New Year"
Kanebo က 2003 မှာ Customer တွေကို Last Chance Discount တွေအနေနဲ့ 20% to 40% အထိ Discount တွေနဲ့ ရင်သပ်ရှုမောဖွယ် ကောင်းလောက်တဲ့ အစီအစဉ်တွေရှိလို့ အမြန်ဆုံးလာရောက်ကြဖို့ သတိပေးလိုက်ပါရဲ့နော်!
Date ➲ 30, 31 December 2003
(Only two days)
Place ➲ FMI Centre

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရှားစေးခဲပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၁/၂၀၀၄

၁။ ပေးသွင်းရမည့်ပစ္စည်း – ရှားစေးခဲ
၂။ ပေးသွင်းရမည့်အရေအတွက် – ပိဿာချိန်(သုံးသောင်း)
၃။ တင်ဒါပေးသွင်းရမည့်နေရာ – မြေညီထပ်၊အမှတ်၆၀၄၊ ကုန်သည်လမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရန်ကုန်မြို့
၄။ တင်ဒါ ပိတ်ရက်/အချိန် – ၂၀–၁–၂၀၀၄ မွန်းတည့် (၁၂း၀၀)နာရီတိတိ

တင်ဒါ စည်းကမ်းပုံစံများကို ဘဏ္ဍာရေးဌာန၊ အမှတ် ၆၀၄၊ ကုန်သည်လမ်း၊ မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ကြော်ငြာသည့်နေ့မှစ၍ တစ်စုံလျှင်(၅၀၀/–)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ပစ္စည်းစီမံဌာန၊ အမှတ် ၆၀၄၊ ကုန်သည်လမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ရန်ကုန်မြို့

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅) တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂) ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနပြောင်းလဲခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် အမှတ်စဉ်(၅)၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂) ဝင်ခွင့်စာမေးပွဲကျင်းပမည့်စာစစ်ဌာနအား အ. ထ. က (၂)မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယလှသောင်း ကျောင်း(အစား) ရန်ကင်းပညာရေးကောလိပ်တွင်ဖြေဆိုရန်အောက်ပါအတိုင်း ပြင်ဆင်ကြောင်း ကြေညာအပ်ပါသည်-

(က) တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅)
(၁) အင်္ဂလိပ်စာ- ၁-၁-၂၀၀၄ရက်နေ့ ၀၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်
(၂) ဇီဝဗေဒ - ၁-၁-၂၀၀၄ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၆၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်

(ခ) တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂)
(၁) အင်္ဂလိပ်စာ- ၂-၁-၂၀၀၄ ရက်နေ့ ၀၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်
(၂) သင်္ချာ - ၂-၁-၂၀၀၄ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၆၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်

Paing Family Trading

ဦးစိုးပိုင်၊ ဒေါ်ခင်မြတ်ဆွေတို့၏ 2003 December 27th တွင်ဖွင့်လှစ်သော **Paing Family Trading** အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ တိုးတက် အောင်မြင်ပြီး ရေရှည်တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကိုကိုထွန်း SHANTI SAGAR INTERNATIONAL LTD	ဦးတင်ဝင်း၊ ဒေါ်ဝင်းကြည် ရတနာဝင်းပွဲရုံ၊ ပခုက္ကူမြို့။	ဦးအောင်သောင်း၊ ဒေါ်ချိုချို အင်ကြင်းပွဲရုံ၊ ကျောက်ပန်းတောင်းမြို့။
ဦးသန်းလွင်ဦး၊ ဒေါ်ကျင်ကျင်မြင့် သပြေထွန်းဆန်ပွဲရုံ၊ ဘုရင့်နောင်။	ဦးကြည်ထွန်း မြို့ဝရောင်းဝယ်ရေး၊ ပြည်မြို့။	ဦးတင်မြင့်၊ ဒေါ်ဝင်းဝင်းသန်း ဒေါ်ပုပွဲရုံ၊ ချောက်မြို့။
ဦးဝင်းမောင်ကြည် (ဥက္ကဋ္ဌ) ကုန်သည်ကြီးများအသင်း၊ အောင်လံမြို့။	ဒေါ်အေးအေးမော် တော်ဝင်ရောင်းဝယ်ရေး၊ ပြည်မြို့။	ဦးအောင်ခင်သန်း၊ ဦးအောင်ကျော်မိုး ဝင်းမိသားစု၊ မကွေးမြို့။
ဦးလှဟန်၊ (သား) ကိုစိုးမိုးထွန်း အောင်လံမြို့။	ဦးမျိုးဇော်၊ ဒေါ်နိုင်နိုင် အောင်သာပွဲရုံ၊ မန္တလေးမြို့။	ဦးသိန်းဆွေ၊ ဒေါ်တူးတူး သဗ္ဗာမွှန်ပွဲရုံ၊ မုံရွာမြို့။

ဒီဇင်ဘာ ၂၆ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် ဘုရင့်ကြီးလမ်း မိုကုတ်ဝိပဿနာမွေ့ရိပ်သာအဖွဲ့ခွဲ(၆၄)တွင် တည်ဆောက်လျက်ရှိသော နှစ်ထပ်ယောဂီဆောင် အတွက် မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် ပေါ်တော်မူဘုရားလမ်း အမှတ် ၂၁နေ ဦးစောမောင်၊ ဒေါ်တင်လှ (ဒေါ်ရိုက်ကြီးလက်ဖက်ဆိုင်) မိသားစုက အလှူငွေကျပ် ၁၅သိန်း လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အတွင်းရေးမှူး ဦးစံလှတို့က လက်ခံရယူစဉ်။ (က–ပ)



ရွှေဟင်္သာစာပေ အမှတ် ၂၆၃ (ပထပ်)ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ဖုန်း–၇၀၉၁၉၁က ဖြန့်ချိလိုက်သည့် မောင်သိန်းလွင်၏ယုံချင်ယုံမယုံချင်နေ စာအုပ်မျက်နှာဖုံး။ (က–ပ)

အင်္ဂလိပ်စာအရေးသင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အမှတ် ၂၇၇ ပန်းဆိုးတန်းလမ်း (အထက်) ခုံးတံတားထိပ် ဖုန်း–၂၈၆၈၇၁ ရှိ ဆရာဒွေးအင်္ဂလိပ်စာ အရေးသင်တန်းကပြုစုသည့် အခြေခံ အင်္ဂလိပ်ဝါကျများကို အဆင့်မြင့် ရေးတတ်စေသည့် နည်းသစ်စာအုပ် (ပထမတွဲနှင့် ဒုတိယတွဲ)တွင် ဝါကျ တစ်မျိုးစီကို သုံးဆင့်သင်နည်းစနစ်ဖြင့် ရှင်းပြထားသည်။ မြန်မာဝါကျ ပေါင်း ၄၀၀၀ ကျော်ထည့်သွင်းကာ ဝေါဟာရ ၅၀၀ ခန့်သိရုံဖြင့် လေ့ကျင့်နိုင်အောင် စီစဉ်ထားရာ အဌမတန်းအဆင့် ကျောင်းသားများမှ လုပ်ငန်းခွင်ဝင်ရောက်နေသူ ဘွဲ့ရများအထိ လည်းကောင်း၊ ပြန်လည်သင်ကြားပေးလိုသူ များအတွက် လည်းကောင်း အတန်းမရွေးအသုံးပြုနိုင်သည့် အရေးသင်နည်း စာအုပ်များကို တစ်နိုင်ငံလုံးရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

ဆက်သွယ်နိုင်

ထိုစာအုပ်များဖြင့် လစဉ်လဆန်းတွင်ဖွင့်လှစ်သင်ကြားမည့် အရေးသင်တန်းသို့တက်ရောက်လိုပါက အထက်ပါ လိပ်စာသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

လှိုင်ကော်မြို့၌ကုန်စည်ပြပွဲကျင်းပမည်



ရန်ကုန် ဒီဇင်ဘာ ၂၈

ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ခွင့်ပြုချက်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှုဖြင့် ရန်ကုန်တိုင်း ရွှေခြံသွေး သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို လှိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပရန် ရန်ကုန်တိုင်း ရွှေခြံသွေ့သမဝါယမ အသင်းလီမိတက်က စီစဉ်ဆောင်ရွက် နေပြီ ဖြစ်သည်။

ရောင်းချပေးမည်

အဆိုပါ ဈေးရောင်းပွဲတော်၌ ကျော် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းက ပံ့ပိုးကူညီပြီး စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာ ပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာ များ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်း ဆေးဝါးနှင့် နိုင်ငံခြား ဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန် ပစ္စည်းများကို အထူး ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဖျော်ဖြေပေးမည်

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်သည်။ အဆိုပါကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းများနှင့်စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြံသွေ့သမဝါယမ အသင်းလီမိတက်အဆောင်(၂)ပထမထပ် မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀(လိုင်းခွဲ)၃၉၄၊ ၄၀၈၊ ဖုန်း–၂၄၀၆၀၀(လိုင်းခွဲ)၄၃၂၊ ရုံးချိန်ပြင်ပ ဖုန်း–၆၃၅၂၆၄ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

နှစ်သစ်မင်္ဂလာကိုကြိုဆိုပါ၏

၂၀၀၄ ခုနှစ် အကြို အိမ်ရာအရောင်းပွဲတော်

(၁၆.၁၂.၂၀၀၃ မှ ၁၅.၁.၂၀၀၄) အတွင်း

"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မှန်မြတ်သောစေတနာ"

(လှိုင်၊ လှည်းတန်း၊ တိုက်ကြီး၊ မြို့လယ် စနစ်ရှိမည်)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
* လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒဂုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
* တိုက်ခန်းပုံစံ၊ အဆင်ပုံ၊ အရွယ်ပုံ HALL TYPE ၊ ROOM TYPE
* လူနေခန်းပဲ လုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်

တိုက်ခန်းတန်ဖိုး အနည်းဆုံး (၂၀) သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ ဧည့်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို ကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

SOFT GUIDE

- Microsoft Office XP
- D.T.P Course
- Computerized Accounting (ACCPAC)
- Special Course for Kid's
- Turbo C++
- Visual Basic
- Graphic Design

တကယ်တတ်စေရန်တစ်ဦးချင်း သင်ပေးသည်။

[illegible] 228820, 228873
[illegible] 220877
[illegible] 220850
[illegible] 527288
[illegible] 083-24200
[illegible] 043-22024
[illegible] 082-22158

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါ လျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ– ဦးသိန်းထွန်းဦး
အမှတ် ၁၂၉၉၊ ရတနာလမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

တူးဖော်မည့်နေရာ–
မြေကွက်အမှတ်– ၁၂၉၉
မြေတိုင်းရပ်ကွက်အမှတ်– ၁၃၊ တောင်ဥက္ကလာပ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မျိုးမင်းသွေး(ခ)မင်းမင်း B.A (Geography) (Electric Diploma) အသက်(၂၅)နှစ်သည် ၁၀–၁၂–၂၀၀၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စမ်းသန္တာဘို၊ မသီတာ၊ စိမ်း၊ ယု၊ မိုး၊ ယင်းမာ၊ ခိုင်၊ ဆင့်၊ မအေးစမ်း၊ ကျော်ခိုင်၊ အေးမင်း၊ တရုတ်၊ ကျော်ဇေယျ။

ဧအောင်ရထားနှာ နှစ်သစ်ကူး ခရီးစဉ်များ
[illegible] (2004 Jan 2, 9, 16, 23)
[illegible] (2003 Dec 30, 2004 Jan 2, 9, 16, 23)
[illegible] (Express [illegible])
[illegible] Ph: 01-240570

တိုက်တလုံးတူရိယာ

(၁၉၅၁ ခုနှစ်က တည်ထောင်သည်)
နိုင်ငံခြားလက်ခတ်၊ ဂီတာ၊တယော အဟောင်းနှင့် ပြည်တွင်းဖြစ် ဂီတာ၊ တယောများ ရရှိနိုင်ပါသည်။ ၇၄၊ ၂၄ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၀၄၃၈

ရွှေထူးလွင် [illegible]
[illegible] Ph: 254686, 254619

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မ/ဥက္ကလာ၊ သုနန္ဒာလမ်းမ ရတနာကျွန်းရိပ်သာ ၄၆၀ x ၄၈၀ မြေထောင့်ကွက် ရေ၊မီး၊ဂရန်၊ ညှိနိုင်း။
ဖုန်း–၂၈၀၃၂၈၊ ၀၉–၅၀၀ ၄၆၃၆

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း နန့်ဇင်မိုးခိုင် ၏ ဖခင် ဗိုလ်မှူးချစ်ဌေးခိုင် (ငြိမ်း) အသက်(၆၆)နှစ်သည် ၂–၁၂–၂၀၀၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တင်မောင်ဦး၊ ကျော်ဇေယျ၊ အေးမင်း၊ ကျော်ခိုင်၊ တရုတ်၊ မသီတာ၊ ယု၊ စိမ်း၊ ယင်းမာ၊ စမ်းဘို။

"KYAW" Pharmaceutical Co., Ltd. နှင့် "ကျော်"တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၏ ဖြေရှင်းပြန်ကြားချက်

[illegible]

LL.B, H.G.P., Dip in Business Law
Dip in Applied Psychology, Dip in Maritime Law

[illegible]

ဒေါ်အုန်းရှင် အသက်(၉၄)နှစ်

သာယာဝတီမြို့နေ(ရှေ့နေ ဦးရွှေဘ–ဒေါ်ရွှေစိမ့်)တို့၏ သမီး၊ ဇီးကုန်းမြို့နေ [ဦးအေးမောင် (တရားသူကြီး)]၏ ဇနီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၇)၊ လေဆိပ်လမ်းသွယ် (၁)လမ်းနေ (ဗိုလ်မှူးကြီး တင်သိန်း)–ဒေါ်ခင်ခင်၏ အစ်မ၊ ဦးအောင်ကြီး (ပုသိမ်)၊ ဦးသန်းလင်း (နတ္တလင်း)၊ (ဦးမောင်မောင်သွင်)၊ ဦးမောင်မောင်လွင် (ညောင်တုန်း)၊ ဦးခင်မောင်တင့်၊ (ဦးခင်မောင်ရင်)တို့၏ မိခင်သည် ၂၅–၁၂–၂၀၀၃ ရက် (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၄၁၇၈ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညနတိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

မြန်မာ့အလင်း [illegible] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှိုင်ပီတ်စျေးနှုန်းလွှာများခေါ်ယူခြင်း

[illegible]

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	[illegible]	၁၁၀၀၀ [illegible]
၂	[illegible] (News Print Paper)	10000 Reams
၃	[illegible]	၁၂၀၀၀ [illegible]
၄	[illegible]	၁၁၀၀ [illegible]
၅	[illegible]	1 Lot
၆	[illegible]	1 Lot
၇	[illegible] [Thermoplastic Powder]	၁၀ [illegible]
၈	Bleaching Powder	၂၀ [illegible]
၉	[illegible]	1 Lot
၁၀	Water Proof Insulated Covered Winding Wire	[illegible]
၁၁	Mechanical Water Pump Gland Packing	24 Packets

[illegible]

[illegible]

သဲအောင်

မီးငယ်လေးဖတ်ဖို့(၃)

[illegible]

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
အမှတ် ၂၂၈၊သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂

မိဘပြည်သူအပေါင်းအားနှစ်သစ်မင်္ဂလာအခါသမယတွင်နှုတ်ခွန်းဆက်သပါသည်

GRAND WYNN ENTERPRISES LTD

အထူးအစီအစဉ်

သင်၏ဆံကေသာအထူးတလည်လှပစေရန်အတွက်နှစ်သစ်ကူးတွင်ဆံကေသာချစ်မြတ်နိုးသူများအား(၃၀-၁၂-၂၀၀၃) မှ (၃-၁-၂၀၀၄)နေ့အထိ ကျင်းပမည့်ဗိုလ်ချုပ်ဈေးပွဲတော်တွင်နိုင်ငံခြားမှဆံကေသာအလှပညာရှင် (၆) ဦးမှ New Year Style ဆံကေသာပုံစံသစ်များဖြင့်ပြင်ဆင်ပြသပေးမည်ဖြစ်ပါသဖြင့်စိတ်ဝင်စားသူအားလုံးလာရောက်ကြည့်ရှုကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

သင်၏ဆံကေသာကိုအရောင်ဆိုးလိုပါကလည်းအဆင်သင့်ခေါင်းလျှော်ပြီးလာရောက်ကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

ခုံအားကျဆင်းရောဂါ

(Air Line)

Jan-15 Jan-22 Feb-12

Jan-2 Jan-15 Jan-22

Jan-4 Jan-25

Happy New Year

☎ 709977, 380183

ညီလေး ကိုထိန်

မင်းအတွက် မေမေအရမ်းစိတ်ပူနေတယ်၊ ကိစ္စအားလုံး ပြေလည်သွားပြီ၊ အမြန်ပြန်လာပါ။

ကိုကိုကြီး–မောင်ကို။

ကားငှားမည်

ခရီးစဉ် မျိုးစုံအတွက် (Aircon Mini Bus)နှင့် (Saloon)မျိုးစုံ နှစ်ချုပ်၊ လချုပ် ငှားရန်ရှိသည်။အကျိုးတူပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါရန်။ **ဖုန်း–၅၂၄၆၈၆**

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ ခုနှစ် တရားမအယူခံမှုအမှတ် –၂၁၁

၁။ ဦးကိုကိုကြီး နှင့် ၂။ ဦးစိန်လှိုင်	၁။ ဦးခင်မောင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမောင်နီ) အမှတ် ၂၃၊ ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂။ ဦးတင်မောင် အမှတ် ၂၈၊ ၅၄လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ၃။ ဦးစွာအိဒူလ်မဲ၊ အမှတ်၂၈၊၅၄လမ်း၊ပုဇွန်တောင်မြို့နယ်၊၄။ ဒေါ်ရပ်ဇန် အမှတ်၂၈၊၅၄လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ၅။ ဦးခင်မောင်စိန် အမှတ် ၂၈၊၅၄လမ်း၊ ပုဇွန်တောင်မြို့နယ် ၆။ ဦးမြသန်း အမှတ်၂၈၊၅၄လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ၇။ ဦးမြသန်း အမှတ် ၂၇၊၅၅လမ်း၊ ပုဇွန်တောင်မြို့နယ်။
(အယူခံတရားလိုများ)	**(အယူခံတရားပြိုင်များ)**

၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၅ ရက် နေ့စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ တရားမကြီးမှု အမှတ် ၉၀/၉၈ အမှုတွင် ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီအပေါ်အယူခံမှု။

အယူခံတရားပြိုင် (၁) ဦးခင်မောင် (၎င်း၏ အခွင့်ရကိုယ်စားလှယ်ဦးမောင်နီ)၊ (၂) ဦးတင်မောင်၊ (၃) ဦးစွာအိဒူလ်မဲ၊ (၄)ဒေါ်ရပ်ဇန်၊ (၅) ဦးခင်မောင်စိန်၊ (၆)ဦးမြသန်းနှင့် (၇)ဦးမြသန်း (ယခုလိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလို ဦးကိုကိုကြီးနှင့် ဦးစိန်လှိုင်တို့က အယူခံရာ ဤရုံးတော်သို့ တင်သွင်းသည်။

ဤအယူခံမှုကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့(၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်နေ့) နံနက်၉း၃၀နာရီအချိန်တွင်ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံအမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်၄၁၊ နည်း ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး (၄)
ရန်ကုန်တိုင်းတရားရုံး

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည် ဦးနေမျိုးဝဏ္ဏ၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၄၉ နေ ဦးဘန်ကင်းသည် ၂၉–၈–၂၀၀၃ရက်က ကွယ်လွန်သွားစဉ် တူ တူမ ခြောက်ယောက် ကျန်ရှိခဲ့ပါသည်။ အဆိုပါ တူ တူမများသည် ကွယ်လွန်သူ၏ အမွေပုံပစ္စည်းများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ရပိုင်ခွင့် ရှိကြသောကြောင့် ကွယ်လွန်သူ ကျန်ရစ်ခဲ့သော ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၄၉ ဟုခေါ်တွင်သည့် တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်တည်ရှိရာ ရန်ကုန်မြို့၊ ကန်တော်မင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃ အေ)၊ မြေကွက်အမှတ် ၄၊ နှစ် ၉၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ ဘဏ်တွင်စုဆောင်းထားသောငွေများ၊ စိန်၊ ရွှေ အခြားရတနာများနှင့် အိမ်တွင်းပစ္စည်းများကို ရပိုင်ခွင့်ရှိသူများ လက်ဝယ်သို့မရောက်သေးမီ မည်သူမျှ ပိုင်ဆိုင်ကြောင်း စာချုပ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ ရောင်းဝယ်၊ ငှားရမ်း၊ ပေါင်နှံ၊ တစ်နည်းနည်း လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် သတိပေးတားမြစ်လိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သန်းသန်းဝင်း	**ဦးဘရီ**
B.Sc(Zool), H.G.P	M.Sc (Q), R.L, L.C.C.I (London)
အထက်တန်းရှေ့နေ	D.T.S (Malaysia)

တရားရုံးချုပ်ရှေ့နေကြီး

အမှတ် ၁၈၊ ၁၂၀ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့.

အမည်ပြောင်း ဦးဇော်ဝင်းမြင့်၏သမီး မစုစုဇော် ၇/မလန (နိုင်) ဝ၈၃ဝ၅၄ အား မနှင်းအိအိလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းအိအိလှိုင်**

ကွာရှင်းပြတ်စဲပြီးခြင်း

ကျွန်တော်ဦးခင်ရွှေ ၁၂/မဂတ(နိုင်) ဝ၁၆၈၉၆နှင့် ဒေါ်သဇင်အေး(ခ) ဒေါ်အေးအေးစိန်(ခ) မွမ်သာဇ်ဘီဘီ ၁၂/ကတတ(နိုင်) ဝ၁၁၁၇၄ တို့သည် ၂၄–၁၂–၂၀၀၃ ရက်တွင် အသိသက်သေလူကြီးများရှေ့မှောက်၌ အစ္စလာမ် တရားတော်အရ ထွလာက်ပေး အပြီးအပိုင် ကွာရှင်းပြီး၊ နိုတြိပဗ္ဗလစ်အရာရှိရှေ့၌ ကွာရှင်းပြတ်စဲ စာချုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ ဒေါ်သဇင်အေး (ခ) ဒေါ်အေးအေးစိန်(ခ)မွမ်သာဇ်ဘီဘီအား ရသင့်ရထိုက်သည့် အခွင့်အရေးများကို တရားဝင်ခွဲဝေပေးပြီးဖြစ်ရာ ၎င်းအနေနှင့် ကျွန်တော်ထံမှ နောက်ထပ်မည်သည့်ပစ္စည်း၊ငွေကြေး အခွင့်အရေးတောင်းဆိုခွင့် မရှိတော့ပါကြောင်းနှင့် ၎င်းနှင့်စပ်လျဉ်းသည့်ကိစ္စမှန်သမျှ ကျွန်တော်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။ **ဦးခင်ရွှေ အမှတ် ၄၇၊ အခန်း ၁၁၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

ကျေးဇူးတင်ရှိခြင်း

ဒေါ်နော်မော်လီဘွင့်

အသက်(၄၈)နှစ်

၂၀–၁၂–၂၀၀၃ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဒေါ်နော်မော်လီဘွင့်၏ ဈာပန ဝတ်ပြုကိုးကွယ်ခြင်းတွင် မေတ္တာရှေ့ထား၍ ကူညီပေးကြသော မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယမှ အထွေထွေအတွင်းရေးမှူးနှင့် ဝန်ထမ်းမိသားစု၊ ကျောင်းသားကျောင်းသူများ၊ ပိုးကရင်နှစ်ခြင်း ခရစ်ယာန် အသင်းတော်၊ ပုသိမ်မြို့ဆေးရုံကြီးနှင့် ရန်ကုန်ဆေးရုံကြီးဓာတ်ရောင်ခြည်ဌာနမှ ဆရာဝန်ကြီး၊ ဆရာမများ၊ ဝန်ထမ်းများနှင့် မိတ်ဆွေသင်္ဂဟအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ကိုအောင်ကျော်စိုး (ဖိုးထောင်)

(အားကစားပစ္စည်းဖြန့်ချိရေး)

သိမ်ကြီးဈေး၊(ဒီ၊ဘီ၊အီး)ရုံ

အသက်(၄၀)

ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ၆၁ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် ၁၅၇ နေ (ဦးစိန်လွင်–ဒေါ်မြခင်) (အားကစားပစ္စည်းဖြန့်ချိရေး)တို့၏ သား၊ ဦးအုန်းလွင်–ဒေါ်ကျင်တို့၏သားသမက်၊ ဦးသိန်းဇော်–ဒေါ်စိန်စိန်ငွေ၊ ဦးသန့်ဇင်–ဒေါ် မီမီထွန်း၊ ဦးအောင်ကျော်မိုး၊ မအေးမြကြည်တို့၏ ညီ/မောင်၊ ဦးစိန်ဝင်း–မကျင်ငွေ၊ မောင်မျိုးသန့်တို့၏အစ်ကို၊ မသိန်းသိန်းလွင်၏ ခင်ပွန်းသည် ၂၂–၁၂–၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ကံ့ကော်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် မန္တလေးမြို့တောင်မြင့် သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

Supreme Group of Companies ၏ တာဝန်ခံအကြီးအကဲတစ်ဦးဖြစ်သော ဦးဝင်းလှိုင် C.E Engineering (Supreme Water Doctor Group)၏ညီ ဦးတင့်လှိုင် (၄၇)နှစ်သည် ၂၂–၁၂–၂၀၀၃ ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါကြောင်း။

ဝန်ထမ်းမိသားစု
Supreme Group of Companies
၈၇/၈၈၊ ဗဟိုစည်အိမ်ရာဝင်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့.

ဝမ်းနည်းကြေကွဲခြင်း

စိတ်သဘောထားဖြူစင်ပြည့်ဝသော သူငယ်ချင်း မောင်ဖြိုးမောင်မောင်(ခ)ဖြိုးလေး B.Ed (3rd Year) သည် ၂၃–၁၂–၂၀၀၃ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **B.Ed မှ သူငယ်ချင်းများ**

လွမ်းဆွတ်သတိရအမှျဝေခြင်း

သူငယ်ချင်း မောင်ဖြိုးမောင်မောင်(ခ)ဖြိုးလေးအတွက် ရည်စူး၍ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ မြင့်မြတ်၍ ငြိမ်းချမ်းသော ဘုံဘဝ၌ အေးချမ်းသာယာစွာ ပျော်ရွှင်နိုင်ပါစေ။

သူငယ်ချင်းရေ အမျှ–အမျှ–အမျှ
B.Ed မှ သူငယ်ချင်းများ

ကျေးဇူးတင်နိုင်ခြင်း

ကျေးဇူးဆပ်ပါမည် ကျွန်တော်ကိုဘရန်အောင် ကိုင်ဆောင်သောနိုင်ငံကူးလက်မှတ် အမှတ်(၃၆၈၅၈၆) မှာ ရန်ကုန်မြို့တွင်းသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း–၀၇၄–၂၃၄၃၄

YL ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား)

၁၅ ပဲရည်၊ ၁၆ ပဲရည် အာမခံ

ဆိုင်(၁)-အမှတ် (S-7)

ဆိုင်(၂)-အမှတ် (F-1)

ရွှေ လက်စွပ် ကော်ဒီနိုင်း လက်ဒီနိုင်း

ရွှေ နားကွင်း ကော်ဒီနိုင်း လက်ဒီနိုင်း

ရွှေ ဆွဲသီး ကော်ဒီနိုင်း လက်ဒီနိုင်း

ရွှေ လက်ကောက် ကော်ဒီနိုင်း လက်ဒီနိုင်း

ရွှေ ဆွဲကြိုး ကော်ဒီနိုင်း လက်ဒီနိုင်း

ရွှေ ဟန်းချိန်း ကော်ဒီနိုင်း လက်ဒီနိုင်း

ရွှေ ဘယက်

ရွှေ ကာလစ်

ရွှေ Feet Chain

ရွှေ ရှပ်ကြယ်သီး

ရွှေ အပ်

စိန်ထည်အမျိုးမျိုး

စက်မှုခုန်ထုတ်ကားနှင့် ကားပစ္စည်းပြပွဲ

သာကေတစက်မှုဇုန်နှင့် တောင်ဥက္ကလာပစက်မှုဇုန်တို့မှ ထုတ်လုပ်သော ကားနှင့် ကားပစ္စည်းပြပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃.၁.၂၀၀၄ မှ ၅.၁.၂၀၀၄

အချိန် - နံနက် (၀၉:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီ

နေရာ - အမှတ် (၆၅)၊ မင်းနန္ဒာလမ်း၊ သာကေတမြို့နယ်၊

မြန်မာနိုင်ငံစက်မှုထမ်းဟောင်းအဖွဲ့ (မင်းမဟာဉ်မြင် အလုပ်ရုံ)

ကန့်ကွက်ကြောင်းကြေညာခြင်း

B.A.B.L.

ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး ဦးထွန်းဉာဏ်(ခ) လင်ထုံဉာဏ် ဟင်္သာတမြို့ အသက်(၉၇)နှစ်

ပဲခူး၊ ညောင်ဝိုင်းရပ်(ဦးစံလင်း-ဒေါ်ရွှေဖျန်း)တို့၏သား၊ ရန်ကုန်မြို့၊ ၁၂၅၊ ၃၁ လမ်းနေ(ဒေါ်နှင်းရီ)၏ခင်ပွန်း၊ ဦးမောင်မောင်ဆွေ-(ဒေါ်ကျင်ထွေး)၊ ဒေါ်လှမြင့်၊ [ဦးစိန်ဝင်း(ခ)ဦးမင်းယုနိုင်]-ဒေါ်လွမ်းဟာ(ခ)ဒေါ်မြင့်မြင့်ဝင်း၊ ဦးဝင်းမောင်-ဒေါ်မြရီတို့၏ ဖခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း၊ တိုက် ၃၆၀၊ အခန်း ၁၈ နေအိမ်၌ ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်၍ ဂူသွင်းမြှုပ်နှံမည် ဖြစ်ပါကြောင်း။ (ရန်ကင်း နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်သန်းညွန့် အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်၂၈၀နေ (ဦးပု-ဒေါ်ကြိုင်)တို့၏ သမီး(ဦးဘမှန်)၏ဇနီး၊ (ဒေါ်ခင်စော)၊ ဦးကြင်-ဒေါ်ခင်အေး၊ ဒေါ်စန်းရီ၊ (ဦးစိုးဝင်း)၊ ဦးတင်အောင်-ဒေါ်ဌေးဌေးမြင့်၊ ဦးခင်ဇော်(Uniteam)-ဒေါ်ဌေးဌေးတင့် (S.E.C.D)၊ ဦးခင်မောင်လွင် (Uniteam)-ဒေါ်ဌေးဌေးဝင်း (S.E. C.D)၊ ဦးကိုကိုမောင်(New Asian)-ဒေါ်ကေသီအေးတို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်ရစ်ယောက်တို့၏ အဘွားသည် ၂၇-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁၂-၂၀၀၃ ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ ဝိမလ သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဓညဝတီရပ်ကွက်၊ အာဂျိတ်တော်ကုန်းမြေ၊ ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက် ပဓာန နာယက ဖြစ်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ် သက်တော်ရှည် ဆရာတော်ကြီးသည် ၁၃၆၅ ခု ပြာသိုလဆန်း ၂ ရက် (၂၄-၁၂-၂၀၀၃)ရက် ဗုဒ္ဓဟူးနေ့ ည ၁၀:၁၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း။

အန္တိမဈာပနာ သာဓုကီဠနပူဇော်ပွဲကို ၁၃၆၅ ခု ပြာသိုလပြည့်ကျော် ၁၂ ရက် ၁၈-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။

တပည့်ဒါယကာ၊ ဒါယိကာမများ
ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက် စစ်တွေမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ ပညာဝံသ (သာသနဓဇသိရီပဝရဓမ္မာစရိယ) သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ကျောင်းလမ်း၊ ရွှေတောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးပညာဝံသသည် ၁၃၆၅ ခု ပြာသိုလဆန်း ၆ ရက်(၂၈-၁၂-၂၀၀၃)ရက် တနင်္ဂနွေနေ့ နံနက် ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ၁၃၆၅ ခု ပြာသိုလပြည့်ကျော် ၈ ရက်(၂၀-၁၂-၂၀၀၃)ရက် အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။ (မွန်းလွဲ ၁ နာရီတွင် ရွှေတောင်ကျောင်းတိုက်မှ ကားများထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ။

ဒေါ်ခင်သောင်း (တောင်ငူ) (အောင်မင်္ဂလာမိခင်ကြီး) အသက်(၈၁)နှစ်

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

တောင်ငူမြို့၊ ၁၂/၈၈၊ ၅ လမ်း၊ အောင်မင်္ဂလာတိုက်နေ (ဦးဖေကြီး-ဒေါ်အေးသင်)တို့၏သမီး၊ (ဦးအုန်းကျော်)-ဒေါ်လှတို့၏အစ်မ၊ ဦးအောင်စိုးမြင့်-ဒေါ်အေးအေးစမ်း၊ (ဦးစိန်လှိုင်)-ဒေါ်ရီရီဌေး၊ (ဦးကျော်ဇော)၊ ဦးသန်းလှိုင်-ဒေါ်ခင်မာထွေး၊ ကိုကျော်မင်းလှိုင်တို့၏ကြီးတော်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၂၈-၁၂-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၃၀-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းဒင်(ခ)ဦးသိန်းမြင့် (ထားဝယ်) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း) အသက်(၇၇)နှစ်

ထားဝယ်မြို့၊ ကျောက်မော်ရပ် (ဦးဝင်း-ဒေါ်လင်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄၄၊ ငါးလွှာ၊ မဟာဗန္ဓုလလမ်း၊ ရေကျော်နေ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ ဦးကိုကို(ရန်ကုန်တိုင်း၊ အထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ်လီမိတက်) - ဒေါ်အေးအေးဝင်း (အထက-၄၊ ဗိုလ်တထောင်)၊ ဦးဝင်းနိုင်ဦး-ဒေါ်ဌေးဌေးဝင်း(စိုက်/မွေး)၊ ဦးစိုးညွန့်(စိုက်ပျိုးရေး)-ဒေါ်လေးလေးဝင်း၊ ဦးတင်ထွန်း(ကညန)-ဒေါ်ထွေးထွေးဝင်း(ကညန)၊ဦးဆန်နီဝင်းဒင်-ဒေါ်အေးအေးဖြူ၊ ဦးထွန်းထွန်းဝင်း(၁-ဈေး၊ သာကေတ)-ဒေါ်နွယ်နွယ်အေးတို့၏ဖခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့ (တောင်ကုတ်) အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၇၀ နေ (ဦးဖိုးကျား-ဒေါ်စိန်မျှင်)တို့၏သမီး၊ ရွှေပန်းထိမ်ဆရာကြီး (ဦးကျော်ပိန်)၏ ဇနီး၊ ဦးမြတ်ကျော်-ဒေါ်သောင်းမြင့်၊ ဦးမောင်မှတ်-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးရွှေမြ)-ဒေါ်နွဲ့နွဲ့ကြည်၊ ဦးမြတ်ထွေး-ဒေါ်စန်းစန်းရည် တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဆရာတော်ဘဒ္ဒန္တ ဝိလာသဂ္ဂ သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ သုခလမ်း၊ မဟာဝိဇာလယကျောင်းတိုက် ပဓာနနာယကဆရာတော် ဘာသန္တရဆေက သံဃသမ္မုတိရ နိုင်ငံတော်ဗဟိုဝန်ဆောင်(ဟောင်း)၊ နိုင်ငံတော်ဝိနည်းမိုရ် (ဟောင်း) ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂမဟာထေရ်သည် ၁၃၆၅ ခု ပြာသိုလဆန်း ၆ ရက် (၂၈-၁၂-၂၀၀၃)ရက် တနင်္ဂနွေနေ့ နံနက် ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၀ရက် (၁-၁-၂၀၀၄)ရက် ကြာသပတေးနေ့ ညနေ ၃ နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ရေဝေးသုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသာဓုကီဠန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ။

ဒုတိယဗိုလ်မှူးကြီးအေးကို (ငြိမ်း) (မန္တလေး) ဗိုလ်သင်တန်းအပတ်စဉ်(၂၄) အသက်(၆၇)နှစ်

မန္တလေးမြို့နေ (ဦးကျောက်စိမ်း-ဒေါ်သိန်းပို)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာ၊ တိုက် ၁၀၊ အခန်း(A)နေ ဒေါ်သန်းညွန့်၏ ခင်ပွန်း၊ ကိုသန့်စင်-မအေးအေးလှိုင်၊ ကိုမျိုးအေး-မအေးညွန့်ဌေး၊ ကိုရဲမင်း-မညွန့်ညွန့်ဝင်း၊ ကိုသူရကို-မလေးနွယ်နီဝင်း၊ ဗိုလ်မှူးဝင်းဇော်ဌေး-မသီဂီကို၊ မရွှေစင်ကိုတို့၏ဖခင်၊ မေမြန်မာ၊ သုပဲသာ၊ ကောင်းဟန်စံ၊ ခင်မေကို၊ စည်သူဇော်၊ ကြယ်စင်၊ လဝန်းမေသူတို့၏ ဘိုးဘိုးကြီးသည် ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) နံနက် ၃:၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

၃-၁-၂၀၀၄ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ ဓမ္မပါလမဟာထေရ် (ဓမ္မာစရိယ) မြို့နယ်သံဃနာယက၊ သဲကုန်းမြို့နယ် ပုတီးကုန်းမြို့၊ သိုက်တောကျောင်းကြီး သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၄)ဝါ

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းနယ်မြေ သပြေလှအုပ်စု၊ သိုက်တောမြောက်ကျောင်းကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပါလ မထေရ်မြတ်သည် ၁၃၆၅ ခုနှစ် နတ်တော်လကွယ်နေ့ (၂၂-၁၂-၂၀၀၃)ရက် ည ၁၀:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ဈာပနအစီအစဉ်ကို ထပ်မံကြေညာပါမည်။)

ဈာပနကော်မတီ။

ဦးသောင်းဖေ (တောင်ငူ) B.A,B.L အသက်(၉၃)နှစ်

တောင်ငူမြို့နေ (ဦးဘိုးဆောင်-ဒေါ်ဆင်)တို့၏သား၊ အမှတ် ၅/က၊ သရက်တောလမ်း၊ ဇ/မြောက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်သစ်၏ခင်ပွန်း၊ ဦးစိုးသင်-ဒေါက်တာဒေါ်မြကြည်တို့၏ ဦးလေး၊ ဒေါက်တာဦးမျိုးမြင့်သောင်း-ဒေါ်သီတာဦးတို့၏ဖခင်၊ ကိုဇော်မျိုးလူ၊ မဖြူဖြူဝင်း-ကိုကောင်းမြတ်၊ ကိုဖေမျိုးလူ-မမြဖြူပြာမြင့်၊ မသဲမေစု-ကိုကျော်လင်းဒါ၊ မမေမျိုးသူ-ကိုကျင်ခိုင်မင်းတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၁၂-၂၀၀၃ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

(ကွယ်လွန်သူအား ရည်စူး၍ ၃-၁-၂၀၀၄ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး ဦးထွန်းဉာဏ်(ခ) လင်ထုံဉာဏ် ဟင်္သာတမြို့ အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း၊ တိုက် ၃၆၀ ၊ အခန်း ၁၈ နေ[ဦးစိန်ဝင်း(ခ)ဦးမင်းယုနိုင်]-ဒေါ်လွမ်းဟာ(ခ)ဒေါ်မြင့်မြင့်ဝင်းတို့၏ ဖခင်၊ ဒေါက်တာမင်းစိုးအောင်၊ ကိုအောင်ဆန်းဝင်း-မစန်းယုမော်၊မခင်ခင်မော်(MPA) မော် အပ်ချုပ်ဆိုင်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းရိပ်သာနေ မဂန္ဓသောဘာ (မခင်သင်းမော်)၊ ကိုဝင်းအောင်-မဝင်းဝင်းမော်၊ ကိုရဲမင်းထွန်း-မစိုးစိုးမော်၊ မခိုင်ခိုင်မော်(မြန်မာ့ပူရှူးလက်ရွေးစင်)၊ မောင်မင်းသူရိန်စိုး(GTI)၊မကေသီမော် (တနှစ်၊ အင်္ဂလိပ်၊ ဒဂုံ)တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ အဘေးသည် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၂:၂၅ နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်၍ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါ ကြောင်း။ (ရန်ကင်း နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း ဦးလာဘန်ဂမ် (မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်) အသက်(၇၂)နှစ်

ဗန်းမော်မြို့၊ စီအင်ရွာနေ (ဦးလဘန်တူး-ဒေါ်ဆွမ်လွတ်ရွယ်)တို့၏သား၊ (ဒေါ်နန်ဇိန်းကိုင်လိန်)၏ခင်ပွန်း၊ ဒေါ်လဘန်ဘောက်မိုင်-(ဦးကိုလေး)၊ ဗိုလ်မှူးလဘန်ဂရောင်-ဒေါ်ဂျေးနီ၊ ဒေါ်လဘန်ရွယ်ဂျီး-ဦးမနန်နော်ဆိုင်း၊ ဦးလဘန်လဂျာ-ဒေါ်နန်ဇိန်းလုထွယ်တို့၏ ဖခင်၊ မြေး ၁၅ ယောက်တို့၏ အဘိုးသည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၃၁-၁၂-၂၀၀၃ ရက် နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်ခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နံနက် ၈:၃၀ နာရီတွင် တိုက် ၁၄၊ မြေနုလမ်း၊စမ်းချောင်းနေအိမ်မှကားများ ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးဆွေ(ခ)ဒေါ်ဂျမ်း (မကွေး) အသက်(၆၃)နှစ်

မကွေးမြို့၊ ပွဲကြိုရပ်နေ (ဦးညွန့်-ဒေါ်သန်း) တို့၏ သမီး၊ ပွင့်ဖြူမြို့နေ ဒေါ်စန်း၊ ဦးစိန်တင်၊ (ဒေါက်တာတင်မောင်မြင့်)တို့၏ညီမ၊ မင်းဘူး မြို့နေ ဦးစိုးမြင့်(နေပြည်တော်စတိုး)၊ ဒေါ်ဝမ်းတို့၏အစ်မ၊ (ဦးအောင်စည်)၏ ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၈၊ အခန်း ၆ နေ ကိုကျော်သန်းထိုက် - မကလျာတို့၏ မိခင်သည် ၂၇-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ငွေကြို အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၈၄/၃ နေ (ဦးဖွန်)၏ဇနီး၊ ဘားအံ မြို့နေ ဦးသန်းမြင့်-ဒေါ်မရှင်၊ ဦးစောခင်၊ (ဦးရီကင်ဝါ)-ဒေါ်ကင်မေ၊ ဒေါ်ခင်ကြည်၊ ဦးအောင်မော်တင်-ဒေါ်ခင်ပြုံးရီ(ငွေစန္ဒာဦးထုပ်၊ ဖိနပ်ဆိုင်၊ ဘားအံဈေး)၊ (ဦးမြင့်အေး)၊ ဦးမြင့်ဝင်းတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁၂-၂၀၀၃ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရှုချင်း (လပွတ္တာမြို့) အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးအီနွှန်း-ဒေါ်ရွှေအိမ်)တို့၏သား၊ ဦးစီခီး-(ဒေါ်ယုံတေး)တို့၏သားသမက်၊ ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ ဦးကျင်ဟောင်-ဒေါ်လတ်ခင်းတို့၏မောင်၊ ဦးစက်တင်-ဒေါ်တင်တင်မြင့်၊ ဦးကင်ဟွန်း-ဒေါ်လက်တင်း၊ ကိုရှုမီးတို့၏အစ်ကို၊ ကိုတုံ့တုံ-မယဉ်ယဉ်ဝင်း၊ ကိုကစ်ဖိန်-မစန်းစန်းဝေ၊ ကိုဖို့သန့်-မမေဟွန်း၊ မောင်ကစ်တိုင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၀၃ရက် နံနက် ၁:၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းသောင်းမြင့်(ခ) အမုန်း (မူလတန်းပြဆရာမ၊ အထက-၁၊ ပျဉ်းမနား) အသက်(၄၀)

ရေတာရှည်မြို့၊ ရွှေကျင်သာသနာ့ရိပ်သာနေ ဒေါ်ဂုဏဝတီ၏ တူမ၊ ပျဉ်းမနားမြို့၊ မကျည်းတောရပ်နေ (ဦးလှမောင်-ဒေါ်လှလှ)တို့၏ သမီး၊ ပျဉ်းမနား၊ ချင်းစုရပ်နေ ဦးကျော်ဝင်း-ဒေါ်တင်နုတို့၏သမီးချွေးမ၊ ရဲအုပ်တင်ကိုကို(စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့)-ဒေါ်အေးအေးမြင့်(တရားရုံးချုပ်ရှေ့နေ)၊ ဦးအောင်ကြည်လင်း-ဒေါ်အေးအေးတင့်(စိန်ပြည်ပွဲရုံ၊မန္တလေး)၊ ဒေါ်ခင်ပြုံးကြည်(SAT၊ အထက-၂၊ပျဉ်းမနား)တို့၏ ညီမ၊ ဒေါ်မူမူမြင့်၊ ကိုအောင်မျိုးသူတို့၏အစ်မ၊ ဦးအေးလွင်[ပျဉ်းမနားအမှတ်(၂)သကြားစက်၊ ကြံဌာန]၏ဇနီး၊ မောင်မျိုးဝင်းသန့် (အဋ္ဌမတန်း-ဂ၊အထက-၁၊ပျဉ်းမနား)၊ မထက်ယုလွင်တို့၏ မိခင်သည် ၂၇-၁၂-၂၀၀၃ ရက် နံနက်တွင် ပျဉ်းမနားမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပျဉ်းမနား မြို့မသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းဆာ(ခ) ဒေါ်ကျန်းမာရင်း (ကျောက်မဲမြို့) အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ၈၆/၃၀၊ ဇေတိက လမ်း၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးခွန်နောင်-ဒေါ်ခင်ပြုံးခိုင်၊ ဦးဝင်းမြင့်-ဒေါ်နန်းငွေကြူ၊ ဦးလှဦး-ဒေါ်ဝမ်ရှိုတို့၏ မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ ကျောက်မဲမြို့နေ(ဦးဝမ်လီပဲ့)၏ဇနီးသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၂နာရီအထိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း ရဲအုပ်ကိုကိုဌေး စခန်းမှူး၊ရွှေကျင်မြို့နယ်၊ပဲခူးတိုင်း အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကျိုက္ကဆံရဲရိပ်သာ၊ တိုက် ၁၄၊အခန်း(ခ)နေ ဦးထွန်းခင်(ဘဏ်-၂၊ ငြိမ်း)-ဒေါ်လှကြည်တို့၏သား၊ (ဦးပါကြီး)- ဒေါ်သန်းတင်တို့၏သားသမက်၊ ရဲအရာခံ သန်းသန်းဌေး(ရေး-၃၊ နရခ)၏ခင်ပွန်း၊ ဦးစိုးဦးဖြူ(MPF)-ဒေါ်မိမိခင်၊ (ဦးကိုကိုထွေး)၊ (ဦးကျော်စွာထွန်း)၊ မအိအိခင် တို့၏အစ်ကို၊ မောင်ဟိန်းကိုကို(စက်ပစ္စည်းရုံ၊မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)၊ မောင်ကောင်းစည်သူတို့၏ ဖခင်သည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမ ဒေါ်စိန်စိန်လေး (ခ) ဒေါ်ကုလားမကြီး (ခ) Tina Nyan (အောင်ချမ်းသာ မော်တော်ကားပစ္စည်းဆိုင်) အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၃၅ နေ (ဦးမောင်ဉာဏ်-ဒေါ်ကျင်ညွန့်)တို့၏ တတိယသမီး၊ မန္တလေးမြို့၊ မဟာမင်းထင်တိုက်၊ မြရတနာတိုက်ကျောင်း ဆရာတော် ဦးကောဝိဒ၏သမီးတပည့်၊ (ဦးသိန်းတန်)-ဒေါ်နီ၊(ဦးလှအောင်)-ဒေါ်ဖြူတို့၏ညီမ၊ ဦးသိန်းလှ-ဒေါ်တာတာ၊ ဦးစိန်မင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ဝင်းဝင်းမြိုင်၊ ဦးခင်မောင်စိုး-ဒေါ်မေမေခင်တို့၏ အစ်မ၊ မတင်တင်ရီ၊ ကိုမောင်ချို-မသန်းသန်းဦးတို့၏မွေးစားမိခင်၊ ထူးထက်အောင်၏အဘွားသည် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးထွန်းငြိမ်း (ကသာ) (နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ဟင်္သာတတက္ကသိုလ်) အသက်(၃၇)နှစ်

ကသာမြို့၊ ရပ်ကွက် ၁၊ ရွှေမေတ္တာလမ်းနေ ဦးငြိမ်း(လက်ထောက်တိုင်းပညာရေးမှူး၊ ငြိမ်း) - ဒေါ်ခင်ထွေး (ဆရာမ၊ ငြိမ်း)တို့၏သား၊ ဒေါ်ခင်လှိုင်၊ ဦးတင်မောင်-ဒေါ်သောင်းတင် တို့၏တူ၊ မဆွေဆွေငြိမ်း၊ မချိုချိုငြိမ်း၊ မမာမာငြိမ်းတို့၏မောင်၊ မောင်မိုးထွန်းငြိမ်း၏အစ်ကို သည် ၂၃-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၃ ရက်တွင် ဟင်္သာတမြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ထားထားအေး အလပြ(ငြိမ်း)၊ အထက(၄)အလုံ အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်း၊ မအူပင်လမ်း၊ အမှတ် ၄၁ နေ(ဦးတီတီ-ဒေါ်ခင်ခင်)တို့၏သမီးကြီး၊ သုဝဏ္ဏ၊တိုက် ၂၀၇၊ အခန်း ၂၊ ချယ်ရီလမ်းနေ ဦးဌေးကြူ၏ဇနီး၊ဦးအောင်စိုး-ဒေါ်ခင်သူဇာ(ES4E)၊ ဦးမောင်မောင်သော်-ဒေါ်စီစီအေး၊ ဦးမောင်မောင်ကျော်-ဒေါ်သန်းသန်းအေး(ဒုရဲအုပ်)တို့၏အစ်မကြီး၊ ကိုမောင်မောင်သန့်ဇင်(SMPetroleum Trading, Singapore)-မဝင့်ပြုံးနိုင်၊ မစန္ဒီကြူတို့၏ မိခင်၊ မောင်သစ်လင်းစိုး (Uniteam)၊ မောင်အောင်ပြည့်ဖြိုး (Uniteam)-မခင်မျိုးလွင်၊ မစုလှိုင်စိုး၊ ဗိုလ်ညီညီအောင်စိုး၊ မောင်ထွန်းလင်းသော်၊ မဝင်းမင်းသော်၊ ဗိုလ်လောင်းဖြိုးမောင်မောင်ကျော်တို့၏ကြီးတော်သည် ၂၈-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး ဦးတင်မြ (ရွှေတောင်) အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၉၇/၁ နေ (ဦးသင်းကြိုင်-ဒေါ်မြစိန်)တို့၏သား၊(ဦးကျော်ဦး-ဒေါ်သိန်းနု)တို့၏သားသမက်၊ ဦးသန်းညွန့်-(ဒေါ်ခင်မြမြ)၊ ဦးမောင်မောင်-ဒေါ်သောင်းညွန့်တို့၏ညီ၊ ဒေါ်သန်းသန်းစိုး၏ခင်ပွန်း၊ ဒေါ်ခင်မြတ်သူ၊ ဦးခင်မောင်ဌေး-ဒေါ်ရီရီတင်(အား/ကာ ဦးစီးဌာန)၊ မညွန့်ညွန့်ဝေ (အား/ကာ ဦးစီးဌာန) မောင်မျိုးသန့်တို့၏ ဖခင်၊ မလင်းမြတ်မြတ်အောင်၏ အဘိုးသည် ၂၈-၁၂-၂၀၀၃ရက် နံနက် ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်မိုး(ခ)မိုးကြီး အသက်(၃၂)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲလမ်း၊ အမှတ် ၇(က)နေ (ဦးမောင်တင်-ဒေါ် လှရွှေ)၊ (ဦးကျော်အေး-ဒေါ်ကြည်)တို့၏ မြေး၊ ဦးလှရီ - ဒေါ်မြင့်မြင့် တို့၏ သား၊ ဦးရှိန်မြင့်-ဒေါ်မြတို့၏တူသား၊ ကိုစိုးလွင်-မဥမ္မာ၊ ကိုကျော်စိုး-မနှင်းနှင်းအေးတို့၏ညီ/မောင်၊ကိုကြည်လွင်-မခင်မာရီ၊ကိုမြတ်စိုးအောင်၊ကိုကျော်ဇင်လင်း၊ မမြတ်စမ်းအေး၊ မောင်သန်းဝင်းဇော်တို့၏အစ်ကို၊ တူ တူမကိုးယောက်တို့၏ ဦးလေးသည် ၂၈-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးခန်းမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှစ်နှစ်ဆက်တိုက်ဗိုလ်စွဲ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – ကိုထွေး

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၀၃ ခုနှစ် (၄၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ ဆုပေးပွဲမစတင်မီ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲစပြီး လေးမိနစ်အကြာတွင် သက်နိုင်ထွန်း(၂)က သွင်းယူပေးသည်။ ဒုတိယဂိုးကို ၂၅ မိနစ်တွင် ခင်မောင်ဦးကသွင်းယူပြီး ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားခဲ့သည်။ တတိယဂိုးကို ၆၂ မိနစ်တွင် လွင်မောင်မောင်မျိုးက သွင်းယူပြီး သုံးဂိုး–ဂိုးမရှိဖြင့် ထိုက်ထိုက်တန်တန် ဗိုလ်စွဲသွားသည်။

စာမျက်နှာ ၁၄ ကော်လံ ၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းဗိုလ်စွဲ

၂၀၀၃ ခုနှစ် (၄၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား ဆုပေးပွဲအပြီးတွင် အမှတ်တရတွေ့ရစဉ်။

(ဓာတ်ပုံ–မြန်မာ့အလင်း)

သမဝါယမအထိမ်းအမှတ်တံဆိပ်။

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄

သတင်းဆောင်းပါး-အထက်မင်းလှညွန့်အောင်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၈

– သမဝါယမအသင်းများစုပေါင်းဆောင်ရွက်ခြင်းနည်းအရ ကုန်စည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်၊
– ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်ရရှိပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊
– ပြည်ပပို့ကုန်ပစ္စည်းများ၊အမယ်သစ်(အမည်သစ်) ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်။

ဟူသောရည်ရွယ်ချက်များဖြင့် သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄ကို သမဝါယမကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ဗဟန်းမြို့နယ်တွင် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၃ရက်မှ ၁၉ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ *

ယနေ့ထုတ်ဓာတ်ရေ (၂၀၂၄၉၁)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု ဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

"နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူတို့ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းတွေကို နေမအား ညမနား လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြလို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အံ့မခန်းရှိခဲ့ပါပြီ။"

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး "ပြည်ထောင်စုတစ်လွှား လမ်းတံတားတို့ ပန်းအလားဖူးပွင့်ဝေစီ" ကို စာမျက်နှာ (၈ နှင့် ၉) တွင် ဖော်ပြထားပါသည်။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာတစ်လွှားထူးထူးခြားခြား



အစာအဆိပ်သင့်ပိုး

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်းက အမေရိကန် ပြည်ထောင်စု၌ အဆိုးရွားဆုံးသော ရောဂါများထဲမှ အစာအဆိပ်သင့်ပိုးကြောင့် သေဆုံးမှုနှင့် ရောဂါဖြစ်ပွားမှုမှာ တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါရောဂါမှာ ဖြစ်ပွားမှုကျဆင်းသွားပြီဟု ကျန်းမာရေးလေ့လာချက်အသစ်အရ သိရသည်။ ၎င်းရောဂါပိုးကူးစက်မှုမှာ ၁၉၈၀ ပြည့်လွန်နှစ်များက အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ကမ္ဘာ့ပထမဆုံးဟိုက်ဒြိုဂျင်နှင့် နေရောင်ခြည်စွမ်းအင်သုံးကား



ကမ္ဘာ့ပထမဆုံး ဟိုက်ဒြိုဂျင်ဖြင့် နေရောင်ခြည် စွမ်းအင်ကို ပေါင်းစပ်သုံးထားသောကားသည် ဩစတြေးလျနိုင်ငံ ပါ့သ်မြို့မှ ၄၀၈၄ ကီလိုမီတာ အကွာ ဆစ်ဒနီမြို့သို့ မောင်းနှင်ရောက်ရှိလာခဲ့ပြီးနောက် ယာဉ်မောင်း ယိုရှီရိုကိုဆူရူ (အလယ်)နှင့် သူ၏ ဂျပန်အသင်းသားများ အောင်ပွဲခံ ပျော်ရွှင်နေကြစဉ်။

(အပေါ်ပုံ)(အေအက်ဖ်ပီ)

ကမ္ဘာ့အကြီးမားဆုံးသင်္ဘောကြီး

ဒီဇင်ဘာ ၂၆ ရက်က အင်္ဂလန်နိုင်ငံ ဆောက်သမ်တန်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် တန်ချိန် ၁၅၀၀၀၀ ရှိသော ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် တန်ဖိုးအမြင့်မားဆုံး ကွင်းမေရီ–၂ ဇိမ်ခံသင်္ဘောကြီးကို တွေ့ရစဉ်။

ယင်းသင်္ဘောကြီးသည် ဆောက်သမ်တန် ဆိပ်ကမ်း၌ လေးရက်ကြာ ခရီးသည်များ တင်ဆောင်ကာဖလော်ရီဒါ ပြည်နယ်သို့ ထွက်ခွာမည်ဖြစ်သည်။



(ယာပုံ) အေပီ။